# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး တာဝန်ရှိသူများနှင့် ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်သွားရမည်

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြ သည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ »»


ယနေ့ ဖတ်စရာ

**တဘူးလှဆည်မှ နွေစပါးစိုက်ခင်းဧက ၂၉၅၇၀ အတွက် စိုက်ပျိုးရေ စတင်ပေးဝေ**




စာမျက်နှာ » ၄


**အရေအတွက်မှသည် အရည်အသွေးရှိသော လူ့စွမ်းအားအရင်းအမြစ်ဆီသို့ ...**


ဆောင်းပါး စာမျက်နှာ » ၆


**ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲမှာ မွန်ပြည်နယ်အနေနဲ့ ထုတ်ကုန်အရေအတွက် ၁၈၃ မျိုး ပါဝင်ပြသသွားမှာဖြစ်ပါတယ်**


တွေ့ဆုံမေးမြန်း စာမျက်နှာ » ၉

ကြေးမုံ

# ညီရင်းအစ်ကိုမောင်ရင်းနှမစိတ်ဓာတ်ဖြင့် အခက်အခဲများရှိချိန်တွင်ကူညီ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထု တစ်ရပ်လုံး၏ လူမှုစီးပွားမြင့်မားရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်နေသည်။ အဓိကမှာ နိုင်ငံ့စီးပွားမြင့်မားရေးဖြစ်သည်။ စီးပွားရေးခိုင်မာတောင့်တင်းပါမှ၊ စီးပွားရေးကောင်းမွန်ပါမှ နိုင်ငံရေး၊ လူမှုရေး၊ ကာကွယ်ရေးစွမ်းအားများ ကောင်းမွန်လာအောင် ဆောင်ရွက်နိုင်ပြီး ပြည်သူလူထုလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတည်ဆောက်ရေး၊ ပြန်လည်ထူထောင်ရေး၊ ပြည်သူလူထုအကျိုး ဆောင်ရွက်ပေးရန်အတွက် စီးပွားရေးအင်အားကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်နေသည်။ ပြည်သူလူထုအကျိုး ဆောင်ရွက်ပေးရေး၌ ပြီးခဲ့သည့်ကာလများအတွင်းက ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်များနှင့် သဘာဝဘေးအန္တရာယ်တွင်အကျုံးဝင်သည့် လက်နက်ကိုင်ဘေးအန္တရာယ်များကြောင့် ပြည်သူလူထု အတိဒုက္ခရောက်ခဲ့ရသည့် အသက်အိုးအိမ်စည်းစိမ်များ၊ ခေတ္တနေရပ်စွန့်ခွာရသည့် ဒုက္ခအခက်အခဲများကို ကူညီဖေးမဆောင်ရွက်ပေးနိုင်ရန်အတွက် လတ်တလော ဆောင်ရွက်ပေးရမည့်လုပ်ငန်းများကို စီစဉ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းနှင့်ဆက်စပ်သည့် မိုးသည်းထန်စွာရွာသွန်းခဲ့မှုများကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ရှစ်ခုရှိ မြို့နယ် ၁၀၆ မြို့နယ်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ ထိုသဘာဝဘေးကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ဆုံးရှုံးမှုများ၊ သေဆုံးမှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် သဘာဝဘေးဖြစ်ပွားရာဒေသများသို့ လိုက်လံစစ်ဆေးခဲ့ပြီး ပြည်သူများအား အားပေးစကားများပြောကြားခဲ့ကာ စားသောက်ဖွယ်ရာပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် အမြန်ဆုံးဆောင်ရွက်နိုင်အောင် ကြပ်မတ်ဆောင်ရွက်ခဲ့သည်။

ဖြစ်ပွားခဲ့သည့် သဘာဝဘေးအတွင်း သေဆုံးခဲ့ရသူဦးရေ ၄၄၀ ကျော်အတွက် ငွေကျပ် ၄၄၇ ဒသမ ၁ သန်း ထောက်ပံ့ပေးခဲ့သည်။ လူနေအိမ်ပျက်စီးမှုများအတွက် ငွေကျပ် ၂၁ ဒသမ ၂ ဘီလီယံကျော်နှင့် အခြားထောက်ပံ့ခြင်းများအဖြစ် ငွေကျပ် ၃၈ ဒသမ ၉ ဘီလီယံကျော် ထောက်ပံ့ပေးနိုင်ခဲ့သည်။ ထို့အပြင် သောင်းကျန်းသူအဖျက်သမားများလက်ချက်ကြောင့် တိုက်ပွဲရှောင်ပြည်သူများအင်အားစာရင်းကိုလည်းပြုစုကာ ထောက်ပံ့ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် ပြည်သူများ၏ ဆုံးရှုံးမှုများသည်လည်း သဘာဝဘေးအန္တရာယ်သတ်မှတ်ချက်များတွင် အကျုံးဝင်သည်။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် တိုက်ပွဲရှောင်ပြည်သူများအား ကူညီထောက်ပံ့ပေးသွားမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက ဒုက္ခအခက်အခဲရောက်နေသော ပြည်သူများအား ယခုကဲ့သို့ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးခဲ့သကဲ့သို့ နိုင်ငံတစ်ဝန်းရှိ အလှူရှင်များ၊ ပြည်တွင်း/ပြည်ပမှ အဖွဲ့အစည်းများကလည်း တတ်နိုင်သရွေ့ ပါဝင်လှူဒါန်းခဲ့ကြခြင်းကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်နှင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံတည်ဆောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့်ပြည်သူလူထု၏ လူမှုဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာအောင်ဆောင်ရွက်ပြီး နိုင်ငံ့စီးပွားရေး တောင့်တင်းခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော် စုစည်းနေထိုင်သော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ရှေးအစဉ်အဆက် တိုင်းရင်းသားလူမျိုးအချင်းချင်း မရှိအတူရှိအတူ အေးအတူပူအမျှ အတူတကွ နေထိုင်ခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးအချင်းချင်း ဖေးမကူညီလက်တွဲဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်အကျိုး၊ တိုင်းရင်းသားပြည်သူများအကျိုးကို အလေးထားပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူအချင်းချင်း စာနာစိတ်ထားကင်းမဲ့စွာဖြင့် တိုက်ခိုက်ဖျက်ဆီးခံရသော ပြည်သူများအား ပစ်ပယ်မထားဘဲ မွန်မြတ်သောစိတ်ထားဖြင့် တတ်နိုင်သရွေ့ ဖေးမကူညီဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ နိုင်ငံသားအချင်းချင်း သဘာဝဘေးအန္တရာယ်များ ကြုံရချိန်၊ ပြည်သူများ အခက်အခဲများ ကြုံတွေ့နေရချိန်တွင် စွမ်းအားရှိသရွေ့၊ မြန်မာနိုင်ငံသား ပြည်သူများအနေဖြင့် မိမိတို့တတ်နိုင်သလောက် ပါဝင်ကူညီခဲ့ကြခြင်းသည် မိမိတို့နိုင်ငံသားများအကြားတွင်ရှိနေသည့် ညီရင်းအစ်ကို မောင်ရင်းနှမစိတ်ဓာတ်၊ အမျိုးကိုချစ်သည့် စိတ်ဓာတ်များကို ဖော်ထုတ်ပြသနိုင်ခြင်းဖြစ်သောကြောင့် မြန်မာနိုင်ငံအတွက် များစွာဂုဏ်ယူဝမ်းမြောက်ဖြစ်ရပါကြောင်း။ ။




## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃ - ၂ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၅၀၀ | ၁,၁၈၆ | ၈,၇၈၈,၀၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၀၀ | ၁၀၀ | ၃၀၅,၆၅၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၁၅ | ၁၂၆,၀၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၁၂၆ | ၂၂၆,၈၀၀ |
| TMH | ၃,၂၀၀ | ၃,၂၀၀ | ၀ | ၀ |
| EFR | ၁,၆၅၀ | ၁,၆၅၀ | ၅၂၁ | ၈၃၄,၆၅၀ |
| AMATA | ၃,၇၀၀ | ၃,၉၀၀ | ၁,၁၂၉ | ၄,၂၅၃,၁၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၃၈၁ | ၁,၁၈၁,၁၀၀ |
| MADPL(PLB) | ၂,၅၅၀ | ၃,၀၅၀ | ၁၀၇ | ၂၇၆,၆၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )




ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြစဉ်။

❖ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ခွဲဝေချထားပေးသည့် ဘတ်ဂျက်များကို သတ်မှတ်ပေးထားသည့် အချိန်ကာလအတွင်း မှန်မှန်ကန်ကန်အကျိုးရှိရှိဖြင့် အသုံးချသွားရန်လို

»»» ရှေ့ဖုံးမှ

### တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက လုပ်ငန်းများ အောင်မြင်စေရေး လက်တွေ့ကြပ်မတ်ကွပ်ကဲနေရန်လို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့သည့် အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ လူမှုရေးနှင့် ကျန်းမာရေးပိုင်းဆိုင်ရာ ကိစ္စရပ်များအားလုံးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ချမှတ်ထားခြင်းဖြစ်ကြောင်း၊ နိုင်ငံတိုးတက်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရမည့် အစိုးရတစ်ရပ်၏ မူဝါဒများပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဦးဆောင်လမ်းညွှန်မှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက လုပ်ငန်းများအောင်မြင်စေရေး လက်တွေ့ကြပ်မတ်ကွပ်ကဲနေရန်လိုကြောင်း။

### အမျိုးသားရေးရည်မှန်းချက် နှစ်ရပ် အောင်မြင်ရေးဝိုင်းဝန်းဆောင်ရွက်ရန်လို

မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံပေါများရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်ထားကြောင်း၊ ၎င်းသည် နိုင်ငံတိုင်းအတွက် အခြေခံလိုအပ်ချက်ဖြစ်ပြီး အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုတိုးတက်ရေးကို GDP ဖြင့်တိုင်းတာကြပြီး အချက်အလက်များ မှန်မှန်ကန်ကန်ဖြင့် ရရှိရန်လိုကြောင်း၊ နိုင်ငံ GDP တိုးတက်ရေးအတွက် လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ ကဏ္ဍကြီးသုံးရပ်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံနှင့် ဒေသတွင်းနိုင်ငံများတွင် GDP နည်းပါးသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၌ပင် အခြားနိုင်ငံများထက် ထုတ်လုပ်မှုစွမ်းရည်မှာ အားနည်းနေသေးသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးတက်စေရေး အားပေးဆောင်ရွက်မှသာ နိုင်ငံ၏ GDP မှာလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် တစ်ဦးချင်းဝင်ငွေများ တိုးတက်ပြီး နိုင်ငံ့ GDP တိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံစီးပွားရေးတိုးတက်ရေးအတွက် အခြေခံကောင်းများ ရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွား မြင့်တင်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေးနှင့် ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်စေရေး အမြဲတိုက်တွန်းမှာကြားလျက် ရှိကြောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံရေး ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများ များစွာ လျှော့ချနိုင်မည်ဖြစ်သဖြင့် မိမိတို့ အစိုးရအဖွဲ့အနေဖြင့် သတိချပ်၍ ဆောင်ရွက်ကြရန်လိုကြောင်း။ **ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ခွဲဝေချထားပေးသည့် ဘတ်ဂျက်များကို သတ်မှတ်ပေးထားသည့် အချိန်ကာလအတွင်း မှန်မှန်ကန်ကန် အကျိုးရှိရှိဖြင့် အသုံးချသွားရန်လိုကြောင်း။**

### စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ MSME ထုတ်ကုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး သုတေသနလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်လို

မိမိတို့နိုင်ငံအတွင်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များအား ပြည်ပသို့တင်ပို့နိုင်သည့် အခြေအနေသို့ ရောက်ရှိအောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကိုအသုံးပြု၍ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းထက် ကုန်ချောအဖြစ် ထုတ်လုပ်၍ ပြည်ပသို့တင်ပို့မည်ဆိုပါက အကျိုးပိုမိုဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ထုတ်လုပ်မှုသုတေသနလုပ်ငန်းများ၊ ဈေးကွက်သုတေသနလုပ်ငန်းများကို သက်ဆိုင်ရာ စိုက်ပျိုးရေးတောင်သူများ၊ ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်သူများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ တာဝန်ရှိသူများ ပူးပေါင်း၍ ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ ပြည်ပဈေးကွက် ရရှိရေးအတွက်လည်း သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ သုတေသနပြုဆောင်ရွက်ကြရန်လိုကြောင်း။

ဒေသအလိုက်ထူးခြားသည့် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်ရန်လိုကြောင်း၊ ဥပမာအားဖြင့် မိမိတို့နိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် သရက်၊ စတော်ဘယ်ရီ၊ မက်မန်း၊ ကော်ဖီနှင့် အခြားအသီးအနှံများကို အရည်အသွေးကောင်းမွန်စွာဖြင့် ပိုမိုထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသမျိုးရင်းများကိုလည်း မပျောက်ပျက်အောင် သုတေသနပြု ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ စက်မှုကုန်ထုတ်သီးနှံများဖြစ်သည့် ဝါ၊ ဝါး၊ ရော်ဘာနှင့် အခြားသီးနှံများဖြစ်သည့် ပဲ၊ ပြောင်း၊ နေကြာ၊ နှမ်းတို့သည် နိုင်ငံအလိုက် ဈေးကွက်ရရှိနိုင်သည့်အတွက် တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း။

မွေးမြူရေး လုပ်ငန်းများကိုလည်း ဒေသအလိုက် တိုးတက်ဖြစ်ထွန်းစေရေး ဒေသနှင့်ကိုက်ညီသည့်မျိုးများကို မွေးမြူနိုင်ရန်နှင့် စနစ်ကျနသည့် မွေးမြူရေးလုပ်ငန်းများကို ဦးစွာအကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးဇုန်များအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် အဖြစ်သဘောမျိုး မွေးမြူခြင်းမဟုတ်ဘဲ ဇုန်များအလိုက် ထိုက်သင့်သည့်နှုန်းထားများအတိုင်း မွေးမြူဆောင်ရွက်ကြစေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ် ဆောင်ရွက်သွားကြစေလိုကြောင်း၊ စာမျက်နှာ ၄ သို့ »»»

❖ MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကိုအသုံးပြု၍ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရန်လို

❖ ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းထက် ကုန်ချောအဖြစ်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့မည်ဆိုပါက အကျိုးပိုမိုဖြစ်ထွန်းစေမည်

❖ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ထုတ်လုပ်မှု သုတေသနလုပ်ငန်းများ၊ ဈေးကွက်သုတေသနလုပ်ငန်းများကို သက်ဆိုင်ရာစိုက်ပျိုးရေးတောင်သူများ၊ ကုန်ထုတ်လုပ်ငန်းဆောင်ရွက်သူများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရတာဝန်ရှိသူများပူးပေါင်း၍ ဆောင်ရွက်

»»» စာမျက်နှာ ၃ မှ

❖ **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင်သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ ဆုံးရှုံးမှုများသည်လည်း သဘာဝဘေးအန္တရာယ် သတ်မှတ်ချက်များတွင်အကျုံးဝင်သောကြောင့် နိုင်ငံတော်အနေဖြင့် တိုက်ပွဲရှောင်ပြည်သူများကို ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး စာရင်းပြုစုကောက်ယူလျက်ရှိ**

❖ **စာရင်းပြုစုမှုများတွင် သက်ဆိုင်ရာနယ်မြေများအလိုက် တိုက်ပွဲရှောင်ပြည်သူများအားလုံး ပါဝင်မှုရှိစေရေး၊ စာရင်းတွင်မပါဝင်ဘဲ ကျန်နေခဲ့ရသူများမရှိစေရေး စနစ်တကျ မြေပြင်စာရင်းကောက်ယူသွားရန်နှင့် ထိထိရောက်ရောက် ထောက်ပံ့ပေးအပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်**

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများသည် တစ်ဦးတစ်ယောက်ချင်းစီသာမက ဒေသနှင့် နိုင်ငံ၏အကျိုးကို များစွာ အထောက်အကူ ဖြစ်စေသောကြောင့် လုပ်ငန်းများ အောင်မြင်တိုးတက် ဖွံ့ဖြိုးစေရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးနှင့် MSME ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စံပြကျေးရွာများ၊ စံပြမြို့၊ စံပြခရိုင်များသတ်မှတ်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်နှင့် ထုတ်ကုန်များအလိုက် စံပြဆုများ ပေးအပ်၍ ဆောင်ရွက်သွားနိုင်ပါက အခြားကျေးရွာ၊ မြို့နယ်၊ ခရိုင်များမှလည်း အတုယူ၍ လိုက်ပါဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အစည်းအသီးသီးအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများ၊ အားသာချက်၊ အားနည်းချက်များကိုလည်း စနစ်တကျ မှတ်တမ်းထားရှိရန်လိုကြောင်း၊ မှတ်တမ်းများသည် နောင်တစ်ချိန်တွင် သမိုင်းဖြစ်လာမည်ဖြစ်ကြောင်း။

### ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ အားပေးမြှင့်တင်

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း၊ လာမည့်ပညာသင်နှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် ပိတ်ထားရသည့်ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် စာမေးပွဲဖြေဆိုနိုင်စေရေး၊ နွေရာသီကျောင်းပိတ်ရက်ကာလကို အကျိုးရှိစွာ အသုံးချနိုင်စေရေးအတွက်လည်း တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ထို့ပြင် နိုင်ငံတော်အနေဖြင့် ပညာရေးမြှင့်တင်မှုအဖြစ် Polytechnic University များကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခု၌ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး လာမည့်ပညာသင်နှစ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးပေါင်းစည်းထားသည့် တက္ကသိုလ်တစ်ခုကို ဧရာဝတီတိုင်းဒေသကြီး၌ ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ Polytechnic Institute တစ်ခုကို တည်ဆောက်ပေးသွားမည်ဖြစ်ပြီး ဝန်ထမ်းမိသားစုသားသမီးများ၏ ပညာရေးကို အဓိကရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

ပညာရေးကဏ္ဍကို မြှင့်တင်ရမည်ဖြစ်သကဲ့သို့ လူငယ်များနှင့်ဆက်စပ်နေသည့် အားကစားကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ အားကစားပြိုင်ပွဲများကျင်းပပြီး အားကစားသမားများ၏စံချိန်များ မြင့်မားလာစေရေး ဆောင်ရွက်သွားရန်လိုပြီး မှတ်တမ်းများ စနစ်တကျ ထားရှိရန်လိုကြောင်း၊ အားကစားကို အားပေးမြှင့်တင်ခြင်းဖြင့် တိုင်းချစ်ပြည်ချစ်စိတ်များ၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်လာစေမည်ဖြစ်ကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍လည်း ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်ရန်လိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပြင် ဒေသခံများ၏ ပညာရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနိုင်ရန် လိုကြောင်း၊ ဝေးလံခေါင်ဖျားသည့်ဒေသများ၌ တာဝန်ထမ်းဆောင်နေရသည့် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ၏ နေရေး၊ စားရေး အဆင်ပြေစေရေးအတွက်လည်း ဒေသအုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများကတတ်နိုင်သရွေ့ ဆောင်ရွက်ပေးသွားရန် လိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံသူ နိုင်ငံသားများ၏ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များအပြင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကိုလည်း ဖြစ်ပွားရသည့် အကြောင်းအရင်းနှင့် ပြန်လည်တည်ဆောက်ရမည့် အခြေအနေများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်အောင် ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင်သောင်းကျန်းမှု ဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ ဆုံးရှုံးမှုများသည်လည်း သဘာဝဘေးအန္တရာယ်သတ်မှတ်ချက်များတွင် အကျုံးဝင်သောကြောင့် နိုင်ငံတော်အနေဖြင့် တိုက်ပွဲရှောင်ပြည်သူများကို ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး စာရင်းပြုစုကောက်ယူလျက်ရှိကြောင်း၊ စာရင်းပြုစုမှုများတွင် သက်ဆိုင်ရာနယ်မြေများအလိုက် တိုက်ပွဲရှောင်ပြည်သူများအားလုံး ပါဝင်မှုရှိစေရေး၊ စာရင်းတွင်မပါဝင်ဘဲ ကျန်နေခဲ့ရသူများမရှိစေရေး စနစ်တကျ မြေပြင်စာရင်းကောက်ယူသွားရန်နှင့်ထိထိရောက်ရောက် ထောက်ပံ့ပေးအပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း။

### အွန်လိုင်းလောင်းကစားနှင့် ဆက်စပ်ဒုစရိုက်မှုများကို ပြတ်ပြတ်သားသား နှိမ်နင်းမည်

တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်) ကို အကြောင်းပြု၍ နိုင်ငံတော်တွင် အခက်အခဲများဖြစ်ပေါ်ခဲ့ပြီး ထိထိရောက်ရောက် အရေးယူမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတကာ၌လည်း ၎င်းကိစ္စနှင့်ပတ်သက်၍ အာရုံစိုက်မှုရှိလာကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့်ပူးပေါင်း၍ ၎င်းဒုစရိုက်မှု နှိမ်နင်းရေးကို တက်ကြွကျယ်ပြန့်စွာ ဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ သက်ဆိုင်ရာ နယ်မြေများအလိုက် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် မိမိတို့ဒေသများအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ၊ အခြားဒုစရိုက်လုပ်ငန်းများ မရှိစေရေးနှင့် မဖြစ်ပေါ်စေရေး ဖော်ထုတ်အရေးယူခြင်းများဖြင့် တင်းတင်းကျပ်ကျပ် ပြတ်ပြတ်သားသားဖြင့် ကိုင်တွယ်ဆောင်ရွက်သွားကြရန် မဖြစ်မနေလိုအပ်ကြောင်း၊ ၎င်းအမှုများအပြင် မူးယစ်ဆေးဝါးကိစ္စများနှင့်အခြား ဒုစရိုက်မှုများ၌ ပါဝင်ဆောင်ရွက်နေသူများအပြင် သက်ဆိုင်ရာနယ်မြေအလိုက် တာဝန်ရှိသူများ ပတ်သက်နေမှုရှိပါက အားလုံးကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် အလေးထား လိုက်နာဆောင်ရွက်သွားရန် လိုကြောင်း။

### ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး တာဝန်ရှိသူများနှင့် ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်သွားရမည်

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးနိုင်ရေးသည် မိမိတို့၏ အဓိကရည်မှန်းချက်ပင်ဖြစ်ကြောင်း၊ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးပြီး ပေါ်ပေါက်လာသည့် လွှတ်တော်များအတွင်းတွင်လည်း တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ ကျယ်ပြန့်စွာ ပါဝင်လာရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်သွားရမည်ဖြစ်ပြီး မဲဆွယ်စည်းရုံးမှုများ ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းမှ ရွေးကောက်ပွဲအောင်မြင်မှုရှိစေရေး ကြိုတင်ပြင်ဆင်ရမည့် ကိစ္စရပ်များကို စနစ်တကျတွက်ချက်၍ ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့်ဥပဒေများကို စေ့စပ်ကျယ်ပြန့်စွာ လေ့လာထားရန်လိုကြောင်း၊ နိုင်ငံရေးပါတီများမှလည်း လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရမည် ဖြစ်ကြောင်း၊ **ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် လွှတ်တော် ၃ ရပ်အတွက် ရွေးကောက်တင်မြှောက်မှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊** ရွေးကောက်ပွဲတွင် မဲမသမာမှုများမဖြစ်စေရေး၊ မဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် ရှင်းလင်းလွယ်ကူစွာ မဲပေးနိုင်ရေး၊ မဲရလဒ်မှန်ကန်ရေး၊ ပယ်မဲမရှိရေး၊ မဲမသမာမှုမပြုလုပ်နိုင်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် မြန်မာ အီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine) ကို အသုံးပြုနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

### အသီးသီးရှင်းလင်းတင်ပြ

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးရန်ရှိသည်များကို တင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။

**သတင်းစဉ်**

# တဘူးလှဆည်မှ နွေစပါးစိုက်ခင်းဧက ၂၉၅၇၀ အတွက် စိုက်ပျိုးရေ စတင်ပေးဝေ



**ရန်ကုန် ဖေဖော်ဝါရီ ၃**

တဘူးလှဆည်၏ မြောင်းမကြီးနှစ်ခုမှ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင်အတွင်းရှိ တောင်သူများ၏ နွေစပါးစိုက်ဧက ၂၉၅၇၀ အတွက် စိုက်ပျိုးရေကို ဇန်နဝါရီ ၁ ရက်မှ စတင်ပေးဝေခဲ့ပြီး ဧပြီလကုန်ပိုင်း အောင်ရေရရှိသည်အထိ ပေးဝေသွားမည် ဖြစ်ကြောင်း တိုက်ကြီးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

“တိုက်ကြီးခရိုင် အတွင်းက တိုက်ကြီး၊ ဥက္ကံနဲ့ အဖျောက်မြို့တွေက နွေစပါးစိုက်ဧက ၂၉၅၇၀ ကို တဘူးလှဆည်ကနေ စိုက်ပျိုးရေပို့လွှတ်နေပါပြီ။ ကျွန်တော်တို့ဌာနရဲ့ အဓိကတာဝန်က ရေဘေးကာကွယ်ရေးနဲ့ စိုက်ပျိုးရေပေးဝေရေးဖြစ်ပါတယ်။ တစ်နှစ်ထက်တစ်နှစ် နွေစပါးစိုက်ပျိုးမှုတိုးလာတဲ့အပေါ် စိုက်ပျိုးရေပိုပြီး ပို့လွှတ်နိုင်တဲ့အတွက် တောင်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒီလို တိုးတက်လာတဲ့အတွက် နိုင်ငံတော်ရဲ့စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် မနှစ်ကထက် ဒီနှစ်မှာ နွေစပါး တိုးမြှင့်စိုက်ပျိုးနိုင်အောင် ဆည်ရေသောက်စနစ်ပြုပြင်ရေးလုပ်ငန်းတွေ တိုးမြှင့်လုပ်ဆောင်ခဲ့ပါတယ်” ဟု တိုက်ကြီးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးက ပြောသည်။

ယမန်နှစ်က တိုက်ကြီးခရိုင်အတွင်း နွေစပါး ၂၈၁၇၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် နွေစပါးစိုက်ဧက ၂၉၅၇၀ တိုးတက်စိုက်ပျိုးခဲ့ကြောင်း တိုက်ကြီးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

### ဧကအများဆုံးစိုက်ပျိုး

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယမန်နှစ်က နွေစပါးဧက ၂၅၀၈၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်အထိ နွေစပါး ၂၀၇၂၈၇ ဧက စိုက်ပျိုးထားပြီးဖြစ်သည်။ စပါးစိုက်ပျိုးမှုအနေဖြင့် တိုင်းဒေသကြီးအတွင်း ခရိုင်ပေါင်း ရှစ်ခုရှိ မြို့နယ်ပေါင်း ၁၇ မြို့နယ်တွင် ရက် ၉၀၊ ဆင်းသုခ၊ ရတနာတိုးနှင့် ကောက်ညှင်းတို့ကို ဧကအများဆုံး စိုက်ပျိုးမှုရှိကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်းရှိ ဆည်/ကန်/တမံဖြစ်သည့် တဘူးလှ၊ ပေါင်းလင်း၊ လဂွမ်းပြင်၊ မဟူရာ၊ ငမိုးရိပ်၊ ကလီထော်၊ တောင်လုံးမြောင်၊ ဘန့်ဘွေးကုန်းနှင့် ဇာမဏီအင်းတို့မှ နှစ်စဉ်စိုက်ပျိုးရေနှင့် မြို့ပြသောက်သုံးရေအဖြစ် ပေးဝေလျက်ရှိပြီး တဘူးလှဆည်မှ စိုက်ပျိုးရေ အများဆုံးပေးဝေလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ – ကနူး**

# တောင်ညို(ပန်းတင်)-မြို့သစ်-ကန်ပြား(မကွေး) ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**မကွေး ဖေဖော်ဝါရီ ၃**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် တောင်ညို(ပန်းတင်)-မြို့သစ်-ကန်ပြား(မကွေး)လမ်း (မကွေးမြို့နယ်အပိုင်း) ၂၄ ပေ အကျယ် ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦး၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးထွန်းခင်နှင့် တိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစံမြင့်အောင်တို့က ကတ္တရာလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။



အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့ဖွင့်လှစ်သည့် တောင်ညို(ပန်းတင်) - မြို့သစ် - ကန်ပြား(မကွေး)လမ်းအား မကွေးတိုင်းဒေသကြီး မကွေးခရိုင် လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်သော လမ်းပိုင်းဖြစ်ပြီး မကွေးတိုင်းဒေသကြီး၏ ဝင်ပေါက်ဖြစ်သည့် အဓိကလမ်းမကြီးဖြစ်ကာ တောင်ညို(ပန်းတင်)-မြို့သစ်-ကန်ပြား(မကွေး)လမ်းသည် ၇၉ မိုင် ၄ ဖာလုံ ရှိသည့်အနက် မိုင်(၂၂/၆-၇၉/၄)အထိ ၅၆ မိုင် ၆ ဖာလုံသည် မကွေးတိုင်းဒေသကြီးအပိုင်းဖြစ်ကြောင်း၊ မိုင်(၂၂/၆-၆၆/၄) အထိ ၄၃ မိုင် ၆ ဖာလုံကို မြို့သစ်မြို့နယ် မိုင်(၆၆/၄-၇၉/၄) အထိ ၁၃ မိုင်ကို မကွေးမြို့နယ် လမ်းဦးစီးဌာနတို့က တာဝန်ယူထိန်းသိမ်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဒီလမ်းပေါ်မှာ နေ့စဉ်ဖြတ်သန်း အသုံးပြုလျက်ရှိသော မော်တော်ယာဉ်စီးရေ ၆၀၀ ကျော်နှင့် မော်တော်ဆိုင်ကယ်စီးရေ ၁၅၀၀ ကျော်တို့ သွားလာအသုံးပြုလျက်ရှိပြီး နေ့စဉ်ဖြတ်သန်းသည့် ယာဉ်စီးရေ(AADT) ၅၀၀ နှင့် ၂၀၀၀ ကြား ဖြတ်သန်းသွားလာသည့် လမ်းများအား ကတ္တရာလမ်းအကျယ် ၂၄ ပေ ဆောင်ရွက်ရန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၏ သတ်မှတ်ချက်အရ ယခင်က ၁၈ ပေ အကျယ် ကတ္တရာလမ်းများကို ၂၄ ပေ အကျယ်ရရှိအောင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုလို နိုင်ငံတော်က လမ်း/တံတားများ တည်ဆောက်ပေးခြင်း၊ လမ်းအသုံးပြုသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးခြင်းအား ဒေသခံပြည်သူများကလည်း လမ်းများရေရှည်တည်တံ့ခိုင်မြဲပြီး မပျက်စီးရန် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အသုံးပြုထိန်းသိမ်း စောင့်ရှောက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးက ကတ္တရာလမ်းနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကတ္တရာလမ်းအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

# နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိကိုင်ဆောင်စေရေးအတွက် မြေပြင်ကွင်းဆင်းဆောင်ရွက်



**ပြင်ဦးလွင် ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိကိုင်ဆောင်စေရေးအတွက် မြေပြင်ကွင်းဆင်းစိစစ်ခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းမှ စတင်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

**ကွင်းဆင်းဆောင်ရွက်**

ယင်းသို့ ဆောင်ရွက်ရာတွင် အိမ်ထောင်စုအမှတ်စဉ်နှင့် မိသားစုအမှတ်စဉ်များကို နေရပ်လိပ်စာအတိုင်း အစီအစဉ်တကျဖြည့်သွင်းခြင်း၊ မြေပြင်တွင်နေထိုင်မှု ရှိ၊ မရှိ စိစစ်ခြင်း၊ သေဆုံးစာရင်းများ အတည်ပြုခြင်း၊ စာရင်းတွင်ပါဝင်သော်လည်း မြေပြင်တွင် နေထိုင်မှုမရှိသူများကို စိစစ်ခြင်း၊ စာရင်း၌ မပါဝင်ဘဲ မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ခြင်းမရှိသောသူများနှင့် အိမ်ထောင်စုစာရင်းမရှိသူများအား ပန်းခင်းစီမံချက် အဆင့်(၃) အရ အိမ်ထောင်စုစာရင်းထုတ်ပေးရန်နှင့် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရန်အတွက် စာရင်းကောက်ယူခြင်းများကို ပြင်ဦးလွင်မြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာအလိုက် ဖေဖော်ဝါရီ ၃ ရက်မှစတင်၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❖

# အောင်မြေသာစံမြို့နယ်၌ အသက် ၁၈ နှစ်အထက် လူဦးရေစာရင်းမှန်ကန်စေရေးအတွက် ရပ်ကွက်များအတွင်း ကွင်းဆင်းစိစစ်ကောက်ယူခြင်းများ ဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၃**

မန္တလေး တိုင်းဒေသကြီး အောင်မြေသာစံ မြို့နယ်တွင် အသက် ၁၈ နှစ်အထက် လူဦးရေစာရင်း မှန်ကန်စေရေးအတွက် ရပ်ကွက်များအတွင်း ကွင်းဆင်းစိစစ်ကောက်ယူခြင်းများကို ယနေ့ နံနက်ပိုင်းမှစတင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဦးဆောင်၍ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့်အတူ ကွင်းဆင်းဆောင်ရွက်ကြသည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အောင်မြေသာစံမြို့နယ်အတွင်းရှိရပ်ကွက်ကြီး ၁၉ရပ်ကွက်အား အဖွဲ့ နှစ်ဖွဲ့ခွဲ၍ ဆောင်ရွက်ကြခြင်းဖြစ်ပြီး အဖွဲ့(၁)တွင် ပုလဲငွေရောင်၊ အမရဌာနီအနောက်၊ ပြည်ကြီးကျက်သရေ အရှေ့၊ ပြည်လုံးချမ်းသာ၊ ဘုန်းတော်တိုး၊ သီရိမာလာအရှေ့၊ အောင်မြေသာစံ၊ အိုးဘို၊ ဒေါနဘွားရပ်ကွက်တို့ပါဝင်ပြီး အဖွဲ့(၂)တွင် မဟာဇေယျာဘုံ၊ အနိုပ်တော်၊ ပြည်ကြီးရန်လုံ၊ သီရိမာလာအနောက်၊ ညောင်ကွဲ၊ မေဃဂီရိ၊ အမရဌာနီအရှေ့၊ ဥပုသ်တော်၊ မင်းတဲအီကင်း၊ ပြည်ကြီးကျက်သရေ အနောက်ရပ်ကွက်တို့ပါဝင်ကြောင်း သိရပြီး ဖေဖော်ဝါရီ ၃ ရက်မှ စတင်၍ ကွင်းဆင်း ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ရေပေါ်ကန်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သုံးခွမြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းအဖွဲ့က အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီးနိုင်ငံသားအရည်အချင်းပြည့်မီသူများအား "ပန်းခင်း" စီမံချက် အဆင့်(၃)ဖြင့် ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးစဉ်။ ကိုကျော်(သုံးခွ)

# မြဝတီမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပ




**မြဝတီ ဖေဖော်ဝါရီ ၃**

ကရင်ပြည်နယ် မြဝတီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်းခွဲ(အောင်မြေရွှေဘုံ)၌ ကျင်းပသည်။

အခမ်းအနားတွင် မြဝတီမြို့နယ် ပညာရေးမှူး ဦးမိုးကျော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးတင်အောင်ဝင်းက ပန်းခင်းစီမံချက် အဆင့်(၃) ဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ အသက် ၁၀ နှစ်မှ ၁၈ နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၀၁ ကတ်တို့ကို မြို့နယ်ပညာရေးမှူး ဦးမိုးကျော်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးတင်အောင်ဝင်းတို့က ကျောင်းသား ကျောင်းသူတစ်ဦးချင်း လက်ဝယ်အရောက်ပေးအပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမြင့်က တာဝန်ရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခြင်းနှင့် ကျန်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လက်ခံရယူခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**

# အရေအတွက်မှသည် အရည်အသွေးရှိသော လူ့စွမ်းအားအရင်းအမြစ်ဆီသို့ . . .

မိုးကေနိုင်

နိုင်ငံတစ်နိုင်ငံ သို့မဟုတ် လူ့အဖွဲ့အစည်းတစ်ခုရဲ့တိုးတက်မှု၊ ဖွံ့ဖြိုးမှုဟာ ထိုနိုင်ငံ၊ ထိုလူ့အဖွဲ့အစည်းရဲ့ အရင်းအမြစ်အင်အားနဲ့ တိုက်ရိုက်အချိုးကျပါတယ်။ ဒီအချက်ကို အားလုံးကသိပြီးဖြစ်လို့ အငြင်းပွားစရာမရှိပါ။

ဒါပေမဲ့ အရင်းအမြစ်ဆိုတဲ့အရာမှာ လူ (Men)၊ ပစ္စည်း (Material)၊ ငွေ (Money)၊ စိတ်ဓာတ် (Mind) နဲ့ စီမံခန့်ခွဲမှု (Management) ဆိုပြီး M ငါးလုံးကို ယူကြည့်ပါမယ်။ လူအင်အား၊ ပစ္စည်းအင်အား၊ ငွေအင်အား၊ စိတ်ဓာတ်အင်အားနဲ့ စီမံခန့်ခွဲမှုစွမ်းရည်ဆိုပြီး အလွယ်တကူ မှတ်သားလိုက်ပါတယ်။ ဒီအင်အားတွေနဲ့ပဲ တိုင်းပြည်ကို တည်ဆောက်ကြရတာပါ။ ဒီအင်အားတွေချို့တဲ့ရင် တိုင်းပြည်က မတိုးတက်ဘဲ ဖွံ့ဖြိုးမှုအားနည်းသွားပါမယ်။ M ငါးလုံးတောင့်တင်းတဲ့နိုင်ငံတွေမှာ တိုးတက်ဖွံ့ဖြိုးနေတာကြည့်ပြီး ဒီအရင်းအမြစ်အားလုံး ဘယ်လောက်အရေးပါတယ်ဆိုတာ သိနိုင်မှာဖြစ်ပါတယ်။

## လျော့နည်းလာတဲ့လူသားအရင်းအမြစ်

ထို M ငါးလုံးမှာမှ ထပ်ပြီးဈေးဆစ်လို့ အရေးကြီးဆုံးသော အရင်းအမြစ်ကို ညွှန်ပြပါဆိုရင် လူသားအရင်းအမြစ်က ပိုအဓိကကျပါတယ်။ အဓိကလူသားအရင်းအမြစ်မှာ စိတ်ဓာတ်၊ အတွေးအခေါ်၊ စဉ်းစားပုံစဉ်းစားနည်းနဲ့ စီမံခန့်ခွဲမှုအရည်အသွေးများ ပါဝင်နေပြန်တယ်။ ယနေ့ခေတ်ကာလကြီးက တစ်ဦးချင်းဖြစ်ဖြစ်၊ နိုင်ငံအလိုက်ဖြစ်ဖြစ် ကြည့်ပါ။ အကျပ်အတည်းပေါင်းစုံပြည့်နှက်နေပြီး ဘယ်ကဏ္ဍကြည့်ကြည့်၊ လူအင်အား၊ ငွေနဲ့ ပစ္စည်းအင်အားကနေရာတိုင်းမှာ မပြည့်စုံ၊ မလုံလောက်၊ ချို့တဲ့တာများပါတယ်။ ကမ္ဘာ့နည်းတူ မြန်မာနိုင်ငံမှာလည်း အဲဒီအတိုင်းပါပဲ။ ၂၀၂၄ ခုနှစ် နောက်ဆုံးကောက်ခဲ့တဲ့ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေက ၅၁ သန်းကျော်အထိ လျော့ကျသွားပါပြီ။ ဒီ data က နိုင်ငံမှာ လူသားအရင်းအမြစ်ဟာ အတိုင်းအတာတစ်ခုအထိ လျော့နည်းသွားပြီဆိုတာ ပြနေပါတယ်။

လျော့ကျသွားတဲ့ လူဦးရေအခြေအနေကို ထင်ဟပ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ယခုလို လူဦးရေကျဆင်းသွားခြင်းရဲ့ အကြောင်းအချက်အချို့ကို ပြီးခဲ့တဲ့ပြည်ထောင်စုအဖွဲ့အစည်းအဝေးမှာ ထည့်သွင်းပြောကြားခဲ့တာကို သတိထားမိပါတယ်။ မွေးဖွားနှုန်းကျဆင်းခြင်းအပြင် အကြောင်းအမျိုးမျိုးနဲ့ ပြည်ပနိုင်ငံကို ထွက်ခွာကြတာ၊ အကြောင်းအမျိုးမျိုးနဲ့ သေဆုံးနေတာတွေနဲ့ ပြည်တွင်းလုပ်သားအင်အား ရှားပါးလာတဲ့ပြဿနာကို နိုင်ငံအကြီးအကဲရဲ့ ထောက်ပြမှုကနေ မှတ်သားမိပါတယ်။

နောက်ဆက်တွဲစာရင်းတွေ မထုတ်ပြန်သေးပေမယ့် ယခုလို ထွက်ခွာ/သေဆုံးမှုမှာ လူငယ်အင်အားက ပိုများနိုင်ကြောင်း တွက်ဆနိုင်တဲ့အတွက် တန်ဖိုးရှိလူသားအရင်းအမြစ် ဆုံးရှုံးမှုကနေ နိုင်ငံအပေါ် အနုတ်သဘောဆောင်တဲ့ သက်ရောက်မှုတွေ နည်းသထက်နည်းအောင် စီမံဆောင်ရွက်ကြရတော့မှာဖြစ်ပါတယ်။ နိုင်ငံအနေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့အားလျော်စွာ ငွေကြေးဓနအင်အားရော အခြေခံအဆောက်အအုံနဲ့ ရုပ်ဝတ္ထုပစ္စည်းပိုင်းမှာပါ ချို့တဲ့ပါတယ်။ ယခုအခါ လူဦးရေတိုးနှုန်းကပါ လျော့ကျလာတယ်ဆိုတော့ နိုင်ငံကိုတိုးတက်အောင်၊ ပြည်သူတွေရဲ့လူမှုစီးပွားဘဝတွေ ကြွယ်ဝချမ်းသာအောင်ဆိုရင် ကျွန်တော်တို့မှာ ရှိနှင့်တဲ့အင်အားနဲ့ များစွာကြိုးစားအားထုတ်ရမယ်ဆိုတာ ပြသနေပါတယ်။

## Agro Based Industry နဲ့ လယ်ယာလုပ်သားဆိုင်ရာ survey တစ်ခု

ဒါဆိုရင် ဘယ်နေရာမှာ ဘာကို ဘယ်လိုကြိုးစားအကောင်အထည်ဖော်ကြမလဲဆိုတဲ့ မေးခွန်းဖြစ်လာတယ်။ ဒါကိုပဲ နိုင်ငံတော်အကြီးအကဲရဲ့ မိန့်ခွန်းကနေ ပြန်ကောက်နိုင်ပါတယ်။ မိန့်ခွန်းမှာ အကြီးအကဲက စိုက်ပျိုးမွေးမြူရေးကိုအခြေခံတဲ့ စက်မှုလုပ်ငန်း Agro Based Industry ကို ဦးစားပေးမှာကြားခဲ့ပြီး လူသားအရင်းအမြစ်များ လိုအပ်ချက်ရှိနေမှုကို ထပ်တလဲလဲ မှာကြားသွားခဲ့တာ သတိထားမိပါတယ်။ နိုင်ငံရဲ့ အဓိကအားထားရာနယ်ပယ်က စိုက်ပျိုးမွေးမြူရေးဖြစ်တဲ့အတွက် စိုက်ပျိုးရေးနဲ့ လူသားအရင်းအမြစ်ဆက်စပ်မှုကို ကျွန်တော်တို့ အလေးထားဖော်ထုတ်ရမှာ ဖြစ်ပါတယ်။

> ဝင်ငွေနည်းတာ၊ ပံ့ပိုးမှုပိုင်းအားနည်းတာ စတဲ့အချက်တွေဟာ အခြားသောကဏ္ဍတွေမှာရော ရှိနိုင်ပါသလား မေးစရာဖြစ်ပါတယ်။ နောက်တစ်ခုက နယ်မြေအခြေအနေ မတည်ငြိမ်မှုက ဒေသခံတွေရဲ့ လုပ်ငန်းခွင်လုံခြုံမှုကို ထိခိုက်စေတယ်ဆိုတဲ့ အကြောင်းအချက်ပါ။ သူတို့ရဲ့အနာဂတ် အခွင့်အလမ်းနဲ့ မျှော်လင့်ချက်တွေအတွက် အာမခံချက်မရှိတဲ့အခြေအနေမျိုးအထိ ရောက်လာရင် လူတွေက သူတို့လုပ်ငန်းခွင်ကို အလွယ်တကူ စွန့်ခွာသွားနိုင်ပါတယ်။ စွန့်ခွာခဲ့ရင်ရော သူတို့ဘယ်နေရာဆီ သွားကြမလဲ၊ လက်ရှိအခြေအနေထက် သာမယ်ထင်ရတဲ့ မြို့ပြက ပုဂ္ဂလိကအလုပ်တွေ၊ နိုင်ငံ့ဝန်ထမ်းအလုပ်တွေနဲ့ နိုင်ငံခြားကလုပ်ငန်းတွေဆီ ရောက်သွားမှာပဲ။ အဓိကအချက်က ဝင်ငွေကောင်းတဲ့နေရာ၊ ပိုလုံခြုံတဲ့နေရာ၊ ဘဝအာမခံချက်ပိုရှိမယ့် နေရာရယ်လို့ သူတို့ယူဆတဲ့နေရာအားလုံး ဖြစ်နိုင်ပါတယ်

ဒါနဲ့ပတ်သက်ပြီး ဌာနမှာ တာဝန်ထမ်းဆောင်နေရင်း စီးပွားရေးတက္ကသိုလ်တစ်ခုမှာ ဖွံ့ဖြိုးမှုမဟာဘွဲ့ယူမယ့် ဝန်ထမ်းတစ်ဦးရဲ့ တင်သွင်းခဲ့တဲ့ သုတေသနစာတမ်းတစ်ခုကနေ တွေ့ရှိချက်နဲ့ သုံးသပ်ချက်တွေကို တင်ပြလိုပါတယ်။ ထိုဝန်ထမ်းက မကွေးတိုင်းဒေသကြီး နယ်မြို့တစ်မြို့က ရွာသုံးရွာမှာ စပါးစိုက်လယ်သမားရှားပါးလာတဲ့ အခြေအနေကိုအရင်းခံပြီး လယ်သမား ၁၈၀ ကို Survey တစ်ခုပြုလုပ်ခဲ့ပါတယ်။

ဖော်ထုတ်ချင်တာက လယ်သမားရှားပါးရခြင်း အကြောင်းများစွာထဲက အဓိကအကြောင်းရင်းနဲ့ အကျိုးဆက်တွေကို ဖော်ထုတ်နိုင်ဖို့ပါပဲ။ စစ်တမ်းအရ လယ်ယာလုပ်ငန်းကရတဲ့ အမြတ်ကနည်းပြီး ဝင်ငွေမလုံလောက်လို့၊ ဝင်ငွေပုံမှန်မရလို့၊ ပင်ပန်းဆင်းရဲလို့၊ စိုက်ပျိုးရေမလုံလောက်လို့၊ ရာသီဥတုမမှန်လို့၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ လယ်ယာသုံးစက်ပစ္စည်း စတဲ့သွင်းအားစုတန်ဖိုးတွေ ဈေးမြင့်တက်လာလို့၊ နယ်မြေအခြေအနေ မတည်ငြိမ်လို့ စတဲ့ မူလအကြောင်းတရားတွေကနေ မိမိဘိုးဘွားပိုင်လယ်လုပ်ငန်းမှာ စိတ်မဝင်စားကြတော့ဘဲ လယ်လုပ်ငန်းကို စွန့်ခွာကြပြီး မြို့ပြပုဂ္ဂလိကလုပ်ငန်းတွေ၊ အစိုးရလုပ်ငန်းတွေမှာ ဝင်လုပ်ကြ၊ နိုင်ငံခြားထွက်ကြ စတဲ့ အဓိကကျတဲ့အကြောင်းရင်းတွေကို လယ်သမားတွေရဲ့ ပြောဆိုချက်တွေကနေ ဖော်ထုတ်ရရှိခဲ့ပါတယ်။

နောက်ဆက်တွဲ ဆိုးကျိုးတွေအနေနဲ့လည်း လယ်သမားတစ်ဦးချင်းဝင်ငွေ နည်းသထက်နည်းလာပြီး စိုက်ပျိုးထုတ်လုပ်မှုအပိုင်းမှာပါ သက်ရောက်မှုတွေရှိလာနိုင်ကြောင်း ဖွင့်ဟကြပါတယ်။ တွေ့ရှိချက်ကနေ ထိုဝန်ထမ်းရဲ့စာတမ်းမှာ မူဝါဒပိုင်းဆိုင်ရာ အကြံပြုချက်တွေကိုပါ တင်ပြခဲ့တာတွေ့ရပါတယ်။ စိုက်နည်းစနစ်၊ စိုက်ပျိုးရေလိုအပ်ချက်နဲ့ အတူ နေရာင်ခြည်စွမ်းအင်နဲ့ ဆိုလာစနစ်တွေအပိုင်း၊ သွင်းအားစုအပိုင်း၊ သုတေသနများများလုပ်ကာ လယ်သမားတွေကို သင်တန်းပေးပြီး ကျွမ်းကျင်လယ်ယာလုပ်သားတွေ ထွက်ပေါ်လာဖို့ အကြံပြုချက်တွေ ပါဝင်ခဲ့ပါတယ်။

## တွန်းအားနဲ့ဆွဲအား အကြောင်းတရားများ

ဘာကိုပြောချင်တာလဲဆိုတော့ ကျွန်တော်တို့မြန်မာတွေအားထားရာ စပါးစိုက်ပျိုးရေးမှာ လယ်ယာလုပ်ငန်းခွင်ကို စွန့်ခွာသွားကြတဲ့အတွက် လူသားအရင်းအမြစ်မှာ အတိုင်းအတာတစ်ခုအထိ ဆုံးရှုံးနေတာကို တွေ့မြင်ရတဲ့အချက်ပါ။ တွေ့ရှိခဲ့တဲ့ အကြောင်းရင်းတွေကိုပဲ ထပ်မံခွဲခြမ်းစိတ်ဖြာလိုက်ရင် လယ်ယာလုပ်ငန်းခွင်က လူသားအရင်းအမြစ်ဆုံးရှုံးမှု အကြောင်းတရားတွေဟာ အခြားသောနယ်ပယ်တွေက လူသားအရင်းအမြစ်ကို ထင်ဟပ်နိုင်တဲ့အချက်တွေကို တွေ့ရတယ်။

ဝင်ငွေနည်းတာ၊ ပံ့ပိုးမှုပိုင်းအားနည်းတာ စတဲ့အချက်တွေဟာ အခြားသော ကဏ္ဍတွေမှာရော ရှိနိုင်ပါသလား မေးစရာဖြစ်ပါတယ်။ နောက်တစ်ခုက နယ်မြေအခြေအနေ မတည်ငြိမ်မှုက ဒေသခံတွေရဲ့ လုပ်ငန်းခွင်လုံခြုံမှုကို ထိခိုက်စေတယ်ဆိုတဲ့ အကြောင်းအချက်ပါ။ သူတို့ရဲ့အနာဂတ် အခွင့်အလမ်းနဲ့ မျှော်လင့်ချက်တွေအတွက် အာမခံချက်မရှိတဲ့ အခြေအနေမျိုးအထိ ရောက်လာရင် လူတွေက သူတို့လုပ်ငန်းခွင်ကို အလွယ်တကူ စွန့်ခွာသွားနိုင်ပါတယ်။ စွန့်ခွာခဲ့ရင်ရော သူတို့ဘယ်နေရာဆီ သွားကြမလဲ၊ လက်ရှိအခြေအနေထက် သာမယ်ထင်ရတဲ့ မြို့ပြက ပုဂ္ဂလိကအလုပ်တွေ၊ နိုင်ငံ့ဝန်ထမ်းအလုပ်တွေနဲ့ နိုင်ငံခြားကလုပ်ငန်းတွေဆီ ရောက်သွားမှာပဲ။ အဓိကအချက်က ဝင်ငွေကောင်းတဲ့နေရာ၊ ပိုလုံခြုံတဲ့နေရာ၊ ဘဝအာမခံချက်ပိုရှိမယ့်နေရာရယ်လို့ သူတို့ယူဆတဲ့နေရာအားလုံး ဖြစ်နိုင်ပါတယ်။

ထပ်ပြီး ခွဲခြမ်းစိတ်ဖြာရင် အကြောင်းတရားများမှာ တွန်းအားအကြောင်းတရားများ (Push Factors) နဲ့ ဆွဲအားအကြောင်းတရားများ(Pull Factors) ရယ်လို့ ခွဲခြားနိုင်ပါသေးတယ်။ ဝင်ငွေနည်းလို့ စားဝတ်နေရေးပြေလည်အောင်ဆိုတဲ့ အကြောင်းပြချက်မျိုးက Push Factors ဖြစ်ပြီး သူတို့တွေအတွက် ဘဝအာမခံချက်ရှိပြီး မက်လုံးကောင်းကောင်းနဲ့ ဆွဲဆောင်မှုမျိုးက Pull Factors ဖြစ်မှာပါ။ ဒီအကြောင်းပြချက်နှစ်မျိုးက လူငယ်တွေရဲ့ လက်ရှိနဲ့ အနာဂတ်အခွင့်အလမ်းတွေအပေါ် လွှမ်းမိုးနေတဲ့အတွက် မူဝါဒချမှတ်သူတွေ၊ စီမံခန့်ခွဲသူတွေအနေနဲ့ Push Factors ကို နည်းအောင်နဲ့ Pull Factors ကို များလာအောင် လုပ်ပေးနိုင်ခြင်းက လူသားအရင်းအမြစ်စီမံခန့်ခွဲမှုမှာ များစွာထိရောက်စေမှာဖြစ်ပါတယ်။

## စွမ်းရည်ရှိပြီး ထိရောက်အောင်မြင်ဖို့

လူသားအရင်းအမြစ်လည်း နည်းလာတယ်၊ ငွေကြေးဓနနဲ့ ပစ္စည်းအင်အားမှာလည်း အကန့်အသတ်ရှိနေတယ် ဆိုပါစို့။ လက်ရှိမှာလည်း နေရာတိုင်း၊ နယ်ပယ်တိုင်းမှာ အကန့်အသတ်နဲ့သာ လုပ်နေကြရတာဖြစ်တယ်။ ဒီအရင်းအမြစ်အားလုံး ပြည့်ပြည့်စုံစုံနဲ့ လုံလောက်တယ်ဆိုတာ ရှိတော့ရှိတယ်၊ ရှားလှပါတယ်။ လူ၊ ငွေကြေး၊ ပစ္စည်းအင်အားချမ်းသာတဲ့ ကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေတောင်မှ လူအင်အားအနည်းဆုံး၊ ငွေကြေးရင်းနှီးမြှုပ်နှံမှုအနည်းဆုံးနဲ့ ပစ္စည်းသုံးစွဲရမှု နည်းနိုင်သမျှအနည်းဆုံးစိုက်ထုတ်ပြီးမှ အမြတ်များများရအောင် လုပ်ကြတာပါ။ (Efficient ဖြစ်စွာနဲ့ Effective ဖြစ်အောင် လုပ်ကြခြင်း)။ အကန့်အသတ်တွေအောက်မှာ ဒီလိုဖြစ်လာဖို့ဆိုရင် စီမံခန့်ခွဲမှုနဲ့ အလုပ်လုပ်သူတွေရဲ့ စိတ်နေသဘောသဘာဝက အရေးကြီးလာပါပြီ။ ပေးထားတဲ့ရည်မှန်းချက်တွေ အောင်မြင်ဖို့အတွက် လူ၊ ငွေကြေး၊ ပစ္စည်းချို့တဲ့တဲ့အနေအထားမှာ အကောင်းဆုံးသော စီမံခန့်ခွဲမှုနဲ့ မြင့်မြင့်မားမား စိတ်ဓာတ်ကောင်းတွေရှိဖို့ လိုအပ်ပါတယ်။ လုပ်သားတွေ စိတ်ဓာတ်ကောင်းကောင်းနဲ့ သူတို့အပေါ် စီမံခန့်ခွဲမှုကောင်းမှသာ ချို့တဲ့နေတဲ့ အရင်းအမြစ်နေရာကို ထိန်းညှိနိုင်မှာဖြစ်ပြီး လုပ်ငန်းတွေလည်း အောင်မြင်လာမှာ ဖြစ်ပါတယ်။

## စိတ်ပိုင်း၊ ရုပ်ပိုင်းကျန်းမာပြီး လုပ်ချင်ကိုင်ချင်စိတ်ရှိအောင်

လူသားအရင်းအမြစ်နဲ့ပတ်သက်ပြီး နိုင်ငံတော်အကြီးအကဲရဲ့ မကြာခဏ မှာကြားချက်တွေမှာ နိုင်ငံမှာ ပညာတတ်၊ ပညာရှင်အမြောက်အမြားမွေးထုတ်ရမှာဖြစ်ပြီး စိတ်ပိုင်း၊ ရုပ်ပိုင်း ကျန်းမာသန်စွမ်းတဲ့ ပညာရှင်တွေနဲ့သာ လူ့စွမ်းအားအရင်းအမြစ်ကို တည်ဆောက်နိုင်မှာဖြစ်ကြောင်း ထောက်ပြချက်ကို အလေးထားမိပါတယ်။ ပညာ၊ ကျန်းမာနဲ့ တည်ဆောက်ပြီးသား လူ့အရင်းအမြစ်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရမယ့်တာဝန်လည်း ရှိပါတယ်။ ဒါမှလည်း အိတ်ပေါက်နဲ့ ဖားကောက်သလိုမဖြစ်ဘဲ ရှိပြီးသား လူသားအရင်းအမြစ်ကို ကာကွယ်ထိန်းသိမ်းနိုင်မှာ ဖြစ်ပါတယ်။

ဒီလိုထိန်းသိမ်းကြရာမှာ လူတွေရဲ့အချို့စိတ်ပိုင်းဆိုင်ရာတွေကို လျစ်လျူမရှုသင့်ပါဘူး။ အဓိကအချက်က အလုပ်အပေါ်မှာစေတနာထားပြီး သစ္စာရှိရှိ၊ ကြိုးကြိုးစားစားနဲ့ လုပ်ချင်ကိုင်ချင်စိတ်ရှိဖို့နဲ့ တွန်းအားပေးဖို့ပါပဲ။ လုပ်ချင်ကိုင်ချင်စိတ်ကို မပျိုးထောင်ခင် အပြောင်းအလဲမြန်ဆန်တဲ့ လက်ရှိအခြေအနေမှန်ကို နားလည်လက်ခံအောင်လည်း စည်းရုံးထားသင့်တယ်လို့ယူဆပါတယ်။ ဒီဘက်ခေတ်တွေမှာ အပြောင်းအလဲကို လက်ခံနိုင်စွမ်းရှိခြင်းကိုလည်း အရည်အချင်းတစ်ခုအဖြစ် သတ်မှတ်ထားပါတယ်။ အထူးသဖြင့် ခေါင်းဆောင်မှုအပိုင်းမှာပါ။

စာမျက်နှာ ၇ သို့ ☆

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တွံ့တေးမြို့နယ် တွံ့တေးမွေးမြူရေးဇုန်တွင် ရေလုံလောက်စွာသုံးစွဲနိုင်ရေး ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက တွံ့တေးမြို့နယ် တွံ့တေးမွေးမြူရေးဇုန်တွင် ရေလုံလောက်စွာသုံးစွဲနိုင်ရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကန်ကြီးကုန်းကျေးရွာရှိ ကန်ကြီးကုန်းရေလှောင်ကန်အား ပြန်လည်ပြုပြင်၍ ရေဂါလန် ၁၅၇ သန်းခန့် သိုလှောင်ထားရှိပြီး Solar စနစ်ဖြင့် မွေးမြူရေးဇုန်သို့ ရေပေးဝေနိုင်ရေး ဆောင်ရွက်နေမှု၊ မွေးမြူရေးဇုန်အတွင်း ပုဂ္ဂလိက လုပ်ငန်းရှင်တစ်ဦး၏ ကြက်၊ ဝက်၊ ဘဲ၊ ငါးများအတွက် အစာစက်ရုံ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရှင်းလင်းဆောင်တွင် တိုင်းဒေသကြီးဌာနဆိုင်ရာများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ဇုန်အတွင်း မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုများအတွက် လျှပ်စစ်မီးနှင့် ဆိုလာစနစ်ဖြင့် ရေလုံလောက်စွာရရှိရေး လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မွေးမြူရေးဇုန်အတွင်း လျှပ်စစ်မီးရရှိရေး ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက 11 KV – Switch Board ဓာတ်အားပေးရုံတည်ဆောက်ထားရှိမှု၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကန်ကြီးကုန်းရေလှောင်ကန်မှ မွေးမြူရေးဇုန်များသို့ ရေပေးဝေရန်နှင့် ဆိုလာပန့်ဖြင့် ရေမြှင့်တင်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ကံဘဲကျေးရွာအုပ်စုအတွင်း နေ့စပါးဧကေ ၄၀၀၀ စိုက်ပျိုးရေရရှိရေး၊ ဖ ပေ ၁၂ ပေ ဖ ပေါက် ကဘင်းရေထိန်းတံခါး



အမှတ်(၂) တည်ဆောက်ခြင်း လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**




# မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းကာ မော်လမြိုင်မြို့တွင် Road Safety Education Training ကို နှစ်ရက်တာပြုလုပ်ခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၃**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းကာ မွန်ပြည်နယ် မော်လမြိုင်မြို့တွင် Road Safety Education Training ကို နှစ်ရက်တာပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်း ရှေးဦးပြုစုခြင်းနှင့်အန္တရာယ် ကင်းရှင်းရေးဌာနမှ သိရသည်။

**တက်ရောက်**

အဆိုပါ Road Safety Education Training ကို မော်လမြိုင်မြို့ရှိ မွန်ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီရုံး၌ ဇန်နဝါရီ ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်တာပြုလုပ်ခဲ့ပြီး မွန်ပြည်နယ်အတွင်းရှိ မြို့နယ်ကြက်ခြေနီအသင်းခွဲများမှ ကြက်ခြေနီအသင်းဝင် ၃၀ တက်ရောက်ကြကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံကြက်ခြေနီအသင်း ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဌာနက ရှေးဦးပြုစုခြင်း (အခြေခံ)သင်တန်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိလူမှုကူညီရေး အသင်းအဖွဲ့များအား စာတွေ့ လက်တွေ့ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

**ASH**

# ကလောမြို့နယ်၌ ဒေသ/ပြည်သူ အခြေပြုအလုပ်ရုံ ဆွေးနွေး

**ကလော ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ မြို့နယ်ခန်းမ၌ ယနေ့နံနက်ပိုင်းက ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်ရေးလုပ်ငန်းများ အကောင်အထည် ဖော်နိုင်ရေး ဒေသ/ပြည်သူ အခြေပြုအလုပ်ရုံ ဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပသည်။

ဦးစွာ ကလောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ကလောမြို့နယ်အတွင်း သဘာဝ ဘေးအန္တရာယ် အခြေအနေများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေအား ဗီဒီယိုကလစ်ဖြင့် ပြသသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၃ ရက် မှ ၄ ရက် အထိ နှစ်ရက်အကြာ ဆွေးနွေး ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မုဒုံမြို့၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြော

**မုဒုံ ဖေဖော်ဝါရီ ၃**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က အထက (ညောင်ကုန်း) ကျောင်း၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးက အမှာစကား ပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာနမှ ဦးကျော်ဇောအောင်က မီးခိုးမြူငွေ့လျှော့ချခြင်းဆိုင်ရာနှင့် သစ်တောထိန်းသိမ်းရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တောအုပ်ကြီးက ရေသယံဇာတ ထိန်းသိမ်းရေး ခေါင်းစဉ်ဖြင့် လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက် လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**



☆ စာမျက်နှာ ၆ မှ

အကျပ်အတည်းတွေ၊ ဖိစီးမှုတွေအောက်မှာ Motivation ဆိုတဲ့ လှုံ့ဆော်မှုနဲ့ သူတို့ရဲ့တန်ဖိုးကို အသိအမှတ်ပြုခြင်း၊ ချီးကျူးဂုဏ်ပြုခြင်း၊ လုပ်ငန်းရည်မှန်းချက်နဲ့ မိမိတို့ ဘဝရည်မှန်းချက်တွေဟာ တစ်သားတည်းဖြစ်ကြောင်း ခံယူချက်မှန်အောင် လှုံ့ဆော်ပေးခြင်းအားဖြင့် ဝန်ထမ်းတွေဟာ အလုပ်လုပ်ရာမှာ စေတနာပါပြီး သစ္စာရှိလာကြမှာ၊ တက်တက်ကြွကြွရှိလာကြမှာ ဖြစ်ပါတယ်။ စိတ်အားထက်သန်ခြင်းဟာ လုပ်ငန်းအောင်မြင်ရေးမှာ အလွန်အရေးကြီးတဲ့အတွက်ပါ။

ငွေကြေးအရ အထောက်အကူမပြုနိုင်ရင်တောင် ဥပမာ သင်တန်းတက်ခွင့်ပေးမယ်၊ သူတို့ဘဝမှာ နောက်ထပ်ပညာတိုးလာမယ်၊ အသိတိုးမယ်၊ အတွေ့အကြုံရပြီး ကျွမ်းကျင်အဆင့်တွေဖြစ်လာမယ်၊ လူမှန်နေရာမှန်နဲ့ လုပ်ငန်းခွင်နေပျော်ပြီး တစ်နည်းနည်းနဲ့ ဘဝလုံခြုံမှုရှိနေတယ်လို့ ခံစားရရင် ကို လူ့စွမ်းအားအရင်းအမြစ်ကို မပြုန်းတီးအောင် ကာကွယ်ထားနိုင်မှာဖြစ်ပါတယ်။ ဒီအချက်တွေဟာ ဝန်ထမ်းလုပ်သားတွေရဲ့လုပ်ရည်ကိုင်ရည်နဲ့ စွမ်းဆောင်မှုကိုတိုးစေတဲ့ လူသားဆန်တဲ့စီမံခန့်ခွဲမှုပုံစံပါပဲ။

ဒီဆောင်းပါးမှာ လူ့စွမ်းအားအရင်းအမြစ်တစ်ခုရဲ့ အရေးကြီးပုံနဲ့တကွ အရေအတွက်အားဖြင့် လျော့နည်းလာတဲ့ အရင်းအမြစ်တွေကို အရည်အသွေးရှိတဲ့ လူ့စွမ်းအားတွေအဖြစ်နဲ့ စွမ်းရည်မြင့်မားလာအောင် စိတ်ဓာတ်၊ စီမံခန့်ခွဲမှုတို့နဲ့ တည်ဆောက်နိုင်ပုံကို နိုင်ငံအကြီးအကဲရဲ့ လမ်းညွှန်ချက်တွေနဲ့ထင်ဟပ်ပြီး တင်ပြခဲ့ပါတယ်။

ရှားပါးလာတဲ့ လူ့စွမ်းအားအရင်းအမြစ်နဲ့ ငွေကြေးပစ္စည်းဥစ္စာတွေကို ဘယ်လိုစီမံခန့်ခွဲမလဲဆိုတာတော့ အခြေအနေ၊ အချိန်အခါ၊ နေရာဒေသကိုကြည့်ပြီး စီမံရမှာပါ။ နောက်ဆုံးတော့ M ငါးခုပါပဲ။ ဒီအင်အား၊ ဒီစွမ်းရည်တွေနဲ့ပဲ အရေအတွက်ကနေ အရည်အသွေးရှိတဲ့ လူ့စွမ်းအားအရင်းအမြစ်ကို တည်ဆောက်နိုင်မှာဖြစ်တယ်လို့ ယုံကြည်ထားပါတယ်။ ။

> **“အကျပ်အတည်းတွေ၊ ဖိစီးမှုတွေအောက်မှာ Motivation ဆိုတဲ့ လှုံ့ဆော်မှုနဲ့ သူတို့ရဲ့တန်ဖိုးကို အသိအမှတ်ပြုခြင်း၊ ချီးကျူးဂုဏ်ပြုခြင်း၊ လုပ်ငန်းရည်မှန်းချက်နဲ့ မိမိတို့ ဘဝရည်မှန်းချက်တွေဟာ တစ်သားတည်းဖြစ်ကြောင်း ခံယူချက်မှန်အောင် လှုံ့ဆော်ပေးခြင်းအားဖြင့် ဝန်ထမ်းတွေဟာ အလုပ်လုပ်ရာမှာ စေတနာပါပြီး သစ္စာရှိလာကြမှာ၊ တက်တက်ကြွကြွရှိလာကြမှာ ဖြစ်ပါတယ်။ စိတ်အားထက်သန်ခြင်းဟာ လုပ်ငန်းအောင်မြင်ရေးမှာ အလွန်အရေးကြီးတဲ့အတွက်ပါ”**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက်

မုံရွာ ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးရှိသင်တန်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

## ရှင်းလင်းပြောကြား

ယင်းနောက် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဇော်မြင့်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မွမ်းမံသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၃ ရက်မှ ၁၈ ရက်အထိ ၁၁ ရက်ကြာ သင်တန်းသား သင်တန်းသူ



၃၅ ဦးအား စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ချမ်းမြဝတီရပ်ကွက်ရှိ မြေကေ ၃၀ အကျယ်တွင် မုံရွာမြို့နှင့်အနီးဝန်းကျင်ရှိ ကျေးရွာများမှပြည်သူများ အားလပ်ရက်များတွင် အပန်းဖြေအနားယူနေနိုင်ရန်အတွက် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူတည်ဆောက်နေသည့် ပြည်သူ့ဥယျာဉ်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က ပြည်သူ့ဥယျာဉ်မျက်နှာစာ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း၊ အုတ်စီရေမြောင်းပြုလုပ်ခြင်းလုပ်ငန်း၊ အခြေခံအလွှာပြုပြင်ခြင်းလုပ်ငန်းနှင့် မုခ်ဦးတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ဘဏ္ဍာနှစ်တွင် စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်စွာဖြင့် တည်ဆောက်ပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန် မှာကြားကာ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ Hybrid ပုံစံဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသည့် နေရာများတွင် မစွန့်ပစ်ဘဲ အနီးပတ်ဝန်းကျင်ရှိ မြစ်ချောင်းအင်းအိုင်များ၊ ပင်လယ်သမုဒ္ဒရာများထဲသို့ စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် အဏ္ဏဝါပတ်ဝန်းကျင်နှင့် အဏ္ဏဝါဂေဟစနစ်ကို ထိခိုက်ပျက်စီးစေသည့်အတွက် ပင်လယ်ကမ်းရိုးတန်းဒေသများရှိ မြို့နယ်များတွင် စနစ်တကျ အမှိုက်ခွဲခြားစွန့်ပစ်ရန်နှင့် အမှိုက်မီးရှို့စက်များ တည်ဆောက်အသုံးပြုရန် လိုအပ်ကြောင်း၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်က အတည်ပြုထုတ်ပြန်ပြီးဖြစ်သည့် မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၁၈-၂၀၃၀)ကို အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် မြို့နယ်အဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်များ ရေးဆွဲပြီး 3Rs ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ခြင်းနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာဌာနများမှ ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရန်အတွက် ဆောင်ရွက်သွားရမည့်ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးက စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး လေးကြိမ်ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက် ၁၉ ချက်အပေါ် ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီဝင်များက လုပ်ငန်းကော်မတီ ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်နှင့် စတုတ္ထအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် တိုးတက်ဆောင်ရွက်ခဲ့မှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီဝင်များ၊ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်




# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းများ ပြင်ဆင်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကျင်းပရန်အတွက် ဌာနဆိုင်ရာပြခန်းများ၊ ဈေးဆိုင်ခန်းများတည်ဆောက်နေမှု၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မီးအလှဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဗဟန်းမြို့နယ် ကန်တော်ကြီးသဘာဝဥယျာဉ်အတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကန်ရေပြင်ကြည်လင် သန့်ရှင်းရေးဆောင်ရွက်နေမှု၊ ဥယျာဉ်အတွင်းရှိ ပန်းမန်ပြခန်းနှင့် အရောင်းဆိုင်များတွင် ပန်းအလှပင်များရောင်းချနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဇီးကုန်းမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

ဇီးကုန်း ဖေဖော်ဝါရီ ၃

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာ အထက်တန်းကျောင်း (အထက မြို့မ)၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဝင်းက အမှာစကား ပြောကြားသည်။ ထို့နောက် ဇီးကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာဦးက ကျောင်းစာအပြင် အခြားဗဟုသုတ အသိပညာ အတတ်ပညာများအား ဖတ်ရှုလေ့လာကြရန်၊ ဗလငါးတန်နှင့်ပြည့်စုံသော လူတော်၊ လူကောင်းများပေါ်ထွန်းလာစေရန်ဗဟုသုတရရှိစေမည့် စာအုပ်စာပေများကို လေ့လာဖတ်ရှု မှတ်သားကြရန် ဟောပြောသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန်းနိုင်ဦးက တောမီး လောင်ကျွမ်းခြင်းနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောခြင်း၊ ဇီးကုန်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မိုးက သစ်တောထိန်းသိမ်းရေးနှင့် ရေသယံဇာတထိန်းသိမ်းရေးကို လည်းကောင်း၊ တောအုပ်ကြီး ဦးအောင်မျိုးထက်က မီးခိုးမြူငွေ့လျှော့ချရေးကို လည်းကောင်း ပရိုဂျက်တာဖြင့်ပြသ၍ အသိပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို ပြန်လည်ဆွေးနွေး မေးမြန်းခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲမှာ မွန်ပြည်နယ်အနေနဲ့ ထုတ်ကုန်အရေအတွက် ၁၈၃ မျိုး ပါဝင်ပြသသွားမှာဖြစ်ပါတယ်

ဦးထိန်စိုး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြပွဲအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်ရာ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်-


ဒေါ်ရီရီသန်း


ဦးထိန်စိုး


ဦးကြေးမုံထွန်း


ဦးကျော်မင်းခိုင်

**ဒေါ်ရီရီသန်း (စီးပွားရေးရာဝန်ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး)**

ကျွန်မတို့ တိုင်းဒေသကြီးပြခန်းမှာ အသေးစား၊ အငယ်စား၊ အလတ်စားနဲ့ OROP ထုတ်ကုန်တွေကို ပြသရောင်းချသွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲအတွက်ကတော့ အမျိုးအစားတစ်မျိုးကို လုပ်ငန်းရှင်သုံးဦးစီနဲ့ လုပ်ငန်းရှင်ပေါင်း ၁၂ ဦးက ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ပြည်တွင်းကုန်ကြမ်းသုံး ထုတ်ကုန်တွေအနေနဲ့ ဘရိတ်ရှူးနဲ့ ဆိုင်ကယ်အပိုပစ္စည်းတွေ၊ ကြိမ်ထည်တွေ၊ အင်ကြင်းကျောက်ရတနာ လုပ်ငန်းတွေ ပါဝင်မှာဖြစ်ပါတယ်။ သွင်းကုန်အစားထိုး တန်ဖိုးမြင့်ထုတ်ကုန်တွေအနေနဲ့ ပလတ်စတစ်မျိုးစုံ၊ စပါးခွံချွတ်စက်၊ ဆန်စက်အပိုပစ္စည်းတွေ၊ မွေ့ရာ၊ ခေါင်းအုံး၊ ဖက်လုံး၊ ကလေးဒေသ ရိုးရာအထည်တွေ၊ ချင်းရိုးရာအထည်နဲ့ အဝတ်အထည် အသုံးအဆောင်ပစ္စည်းတွေ၊ ချည်ထည်အမျိုးမျိုး၊ ဆပ်ပြာကုန်ကြမ်းတွေ ပါဝင်ပါတယ်။

စိုက်ပျိုးမွေးမြူရေး အခြေခံထုတ်ကုန်အနေနဲ့ ခေါက်ဆွဲခြောက်၊ သဘာဝငရုတ်သီးအကြမ်းမှုန့်/အနုမှုန့်၊ ငရုတ်အလှော်မှုန့်၊ နနွင်းမှုန့်၊ နို့မလိုင်၊ မရမ်းသီးအနှစ်၊ ဒန့်သလွန်သီးအခြေခံဆပ်ပြာ၊ ပေါင်းဆေး၊ ဆပ်ပြာခရင်၊ သစ်သီးယိုစုံ၊ ပဲစိမ်းမှုန့်၊ ပဲကျက်မှုန့်၊ ပဲကြာဆံ၊ တိုင်းရင်းဆေးအမျိုးမျိုး၊ မုံရွာစက်မှုဇုန်ထုတ်ထွက်ကုန်တွေ၊ ဝိုင်နဲ့ ဆိတ်သားခြောက် လုပ်ငန်းတွေ ပါဝင်မှာဖြစ်ပါတယ်။ ဒေသရိုးရာအစားအစာ အရောင်းပြခန်းမှာ ခိုတောင်မုန့်တီ၊ ထမင်းသုပ်၊ ရေဦးဝက်အူချောင်း၊ လက်ဖက်အကြော်စုံ၊ ဆိတ်သားခြောက်၊ တိုဟူးခြောက်ကြော်၊ ကသာငါးကြီးချဉ်၊ ရွှေဘိုပေါင်းတင်၊ ရွှေဘိုဝင်းဝင်းကိတ်၊ ရှားစောင်းလက်ပတ်ယိုစသဖြင့် ဒေသထွက်အစားအစာတွေကိုလည်း ပြသရောင်းချသွားမှာဖြစ်ပါတယ်။

**ဦးထိန်စိုး(ဒုတိယညွှန်ကြားရေးမှူး၊ မွန်ပြည်နယ်ပြခန်းတာဝန်ခံ)**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲမှာ မွန်ပြည်နယ်အနေနဲ့ ပြည်တွင်းကုန်ကြမ်းသုံး ထုတ်ကုန်ပစ္စည်းတွေကို လုပ်ငန်းရှစ်ခုက ထုတ်ကုန် ၅၃ မျိုး၊ သွင်းကုန်အစားထိုး တန်ဖိုးမြင့်ထုတ်ကုန်တွေအနေနဲ့ ကဏ္ဍလေးခုက ထုတ်ကုန် ၂၅ မျိုး၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်တွေအနေနဲ့ လုပ်ငန်းသုံးခုက ထုတ်ကုန် ၁၂ မျိုး၊ ပြည်ပပို့ကုန်ကဏ္ဍမှာ လုပ်ငန်းသုံးခုက ထုတ်ကုန်ရှစ်မျိုး၊ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး (OROP) ထုတ်ကုန်တွေအနေနဲ့ လုပ်ငန်းခုနစ်ခုက ထုတ်ကုန် ၈၅ မျိုး စုစုပေါင်း ကဏ္ဍငါးခုက ထုတ်ကုန်အရေအတွက် ၁၈၃ မျိုးပါဝင်ပြသသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ပြခန်းမှာ ပြည်ပပို့ကုန်တွေကို အဓိကထားပြီး ပြသသွားမှာဖြစ်ပြီး ကွမ်းသီး၊ ဝဥ၊ ဝဥမှုန့်၊ လုပ်ငန်းသုံးဆား၊ ငါး၊ ပုစွန်တွေကို လာရောက်ပြသမှာ ဖြစ်ပါတယ်။ ရွာလွတ်ကျေးရွာက လက်မှုပစ္စည်းတွေ၊ မုဒွန်းကျေးရွာက ကျောက်သင်ပုန်း၊ ဆေးတံတွေ၊ ရော်ဘာနဲ့ပတ်သက်တဲ့ ပစ္စည်းတွေဖြစ်တဲ့ ကားတာယာတွေကိုလည်း ပြသရောင်းချသွားမှာဖြစ်ပါတယ်။

ဒေသထွက် ရိုးရာအစားအစာတွေ အနေနဲ့ ကျွန်တော်တို့မြန်မာတွေအားလုံး သိရှိပြီးဖြစ်တဲ့ သင်္ကြန်ထမင်းနဲ့ လက်ညှစ်ရေစိမ်မုန့်တီတွေကို အဓိကထားပြီး ရောင်းချသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ကျွဲကောသီးအပါအဝင် ဒေသထွက် အသီးအနှံတွေကိုလည်း ပြသရောင်းချသွားမှာဖြစ်ပါတယ်။

**ဦးကြေးမုံထွန်း (ဒုတိယညွှန်ကြားရေးမှူး၊ ကရင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)**

ကျွန်တော်တို့ ပြည်နယ်ပြခန်းမှာ ပြည်တွင်းကုန်ကြမ်းသုံး ထုတ်ကုန် ၂၇ မျိုး၊ သွင်းကုန်အစားထိုး ထုတ်ကုန် ၃၃ မျိုး၊ OROP ထုတ်ကုန်သုံးမျိုး စုစုပေါင်း ၆၆ မျိုး စုစည်းပြသရောင်းချသွားမှာဖြစ်ပါတယ်။ ပြည်တွင်းထုတ်ကုန်လုပ်ငန်း အနေနဲ့ အသေးစားလုပ်ငန်းတစ်ခု၊ အငယ်စားလုပ်ငန်းနှစ်ခု ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်နယ်က OROP ထုတ်ကုန်အနေနဲ့ သံတောင်ကြီး ကော်ဖီ၊ ရော်ဘာနဲ့ ဆန်စပါး ဒီသုံးမျိုး ပါဝင်ယှဉ်ပြိုင်ဖို့ ရွေးချယ်ထားပါတယ်။ ရိုးရာအစားအသောက်ဆိုင်ခန်းမှာ ဆိုရင် ကရင်မုန့်တီ၊ တာလပေါ့ဟင်းလျာတွေ၊ မုန့်ခွက်ပြင်၊ ကောက်ညှင်းကျည်တောက်၊ ငှက်ပျောခြောက် စတဲ့ ဒေသထွက်အစားအစာတွေကို အဓိကရောင်းချသွားမှာဖြစ်ပါတယ်။ ဒီလိုပြပွဲကနေတစ်ဆင့် ကျွန်တော်တို့ဒေသက MSME လုပ်ငန်းရှင်တွေနဲ့ တခြားဒေသက MSME လုပ်ငန်းရှင်တွေ အချင်းချင်း အချိတ်အဆက်ရအောင်၊ ဒေသရဲ့ထုတ်ကုန် အရင်းအမြစ်တွေကို ဖလှယ်လို့ရအောင်၊ အားသာချက်တွေရရှိအောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

**ဦးကျော်မင်းခိုင်(တိုင်းရင်းသားရေးရာဝန်ကြီး၊ ကချင်ပြည်နယ်)**

ကချင်ပြည်နယ်ပြခန်းမှာ ကချင်ပြည်နယ်ကထွက်တဲ့ ကုန်ကြမ်းထုတ်ကုန် ၈၇ မျိုး၊ စိုက်ပျိုးမွေးမြူရေး အခြေခံထုတ်ကုန် ၄၁ မျိုးနဲ့ OROP ထုတ်ကုန် ၁၈ မျိုးကို ပါဝင်ပြသသွားမှာဖြစ်ပါတယ်။ OROP အနေနဲ့ ကချင်ပြည်နယ်ရဲ့ အထင်ကရဖြစ်တဲ့ ကချင်ရိုးရာအထည်တွေ၊ ဂရိတ်ဖရုသီး၊ သစ်ကြားသီးတွေ၊ မက်လင်ချဉ်ခြောက်နဲ့ ပြည်ပ တင်ပို့နေတဲ့ တစ်ရှူးငှက်ပျောတွေ ပါဝင်ပြသသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသထွက် ရှီးပတီးကုန်ကြမ်းနဲ့ ပြုလုပ်ထားတဲ့ ဆပ်ပြာ၊ အမွှေးနံ့သာဆီ၊ ဝိုင်၊ အသားခြောက်လုပ်ငန်းနဲ့ ကျွန်တော်တို့ပြည်နယ်က ထွက်တဲ့ ကျောက်စိမ်းတွေကို ပါဝင်ပြသသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ဒေသက လာရတာ အလှမ်းဝေးပါတယ်။ ကုန်ကျစရိတ်ကလည်း အတော်များတော့ ပြည်နယ်အစိုးရက ကျခံပေးပါတယ်။ လုပ်ငန်းရှင်တွေ ဒီလို MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲတွေမှာ ပါဝင်ပြသနိုင်အောင် ကျွန်တော်တို့ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ကြိုးစားပါတယ်။ အကျိုးအမြတ်တွေကိုလည်း ရှင်းပြတော့ လုပ်ငန်းရှင်တွေ စိတ်ဝင်စားလာကြတယ်။ ဒီလိုပြပွဲပြိုင်ပွဲတွေက ဒေသအတွင်း MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာဖို့ကို များစွာအထောက်အကူပြုမယ်လို့ ထင်ပါတယ်။ ဒီလိုပြပွဲပြိုင်ပွဲတွေကနေ တစ်ဒေသနဲ့တစ်ဒေသ မတူကွဲပြားတဲ့ အကျင့်စရိုက်တွေ၊ အစားအသောက်တွေ၊ ဓလေ့တွေအားလုံးကို နားလည်သွားလိမ့်မယ်။ တိုင်းရင်းသားတွေအချင်းချင်း ပြည်ထောင်စုဖွားတွေပဲဆိုတဲ့ စိတ်ဓာတ်နဲ့ ပိုမိုနီးစပ်လာမယ်လို့ ထင်ပါတယ်။ ဒါကြောင့် နှစ်စဉ်ကျင်းပပေးသင့်တယ်လို့ ထင်ပါတယ်။

**တွေ့ဆုံမေးမြန်း - ဝင်းဝင်းမင်း**
**ဓာတ်ပုံ - ဖိုးပြည့်စုံ**






# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တပ်ကုန်းမြို့နယ်၌ ကျေးရွာစာကြည့်တိုက် နှစ်တိုက် ဖွင့်ပွဲကျင်းပ

**တပ်ကုန်း ဖေဖော်ဝါရီ ၃**



ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အကြို အထိမ်းအမှတ်အဖြစ် ဒယောက်ကူးကျေးရွာ "သစ္စာရောင်ခြည်" စာကြည့်တိုက်နှင့် ထုံးဖိုကျေးရွာ "မိတ်ဆွေကောင်း" စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက အဆိုပါ စာကြည့်တိုက်များရှေ့၌ ကျင်းပသည်။

ဦးစွာ အောင်မြေရိပ်သာကျေးရွာအုပ်စု ဒယောက်ကူးကျေးရွာ "သစ္စာရောင်ခြည်" စာကြည့်တိုက်နှင့် ထုံးဖိုကျေးရွာအုပ်စု ထုံးဖိုကျေးရွာ "မိတ်ဆွေကောင်း" စာကြည့်တိုက် အဆောက်အအုံသစ် တို့ကို နေပြည်တော် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ တပ်ကုန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် ရပ်မိရပ်ဖများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ယင်းနောက် နေပြည်တော် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ စာကြည့်တိုက်များအတွက် အလှူငွေများ၊ စာအုပ်စာစောင်များ၊ ပလတ်စတစ်ထိုင်ခုံများ၊ MRTV DTH စလောင်းနှင့် MRTV DVB– T2 Set Top Box တစ်စုံကိုလည်းကောင်း၊ စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော်ကောင်စီနှင့် အလှူရှင်များ၊ ရပ်မိရပ်ဖများက မတည်အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထို့ပြင် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာကြည့်တိုက် တစ်တိုက်လျှင် နေပြည်တော်ကောင်စီမှ မတည်ရန်ပုံငွေကျပ်နှစ်သိန်းနှင့် ကျပ်နှစ်သိန်းတန်ဖိုးရှိ စာအုပ်စာစောင်များ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး မိသားစုက ငွေကျပ်တစ်သိန်းကို သီးခြားလှူဒါန်းခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်ဦးမြင့်စိုး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးတို့က ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များ ထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးခဲ့သည်။

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ရန်ပုံငွေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စာကြည့်တိုက် စုစုပေါင်း ၅၈ တိုက် ဆောက်လုပ်ရန် လျာထားလျက်ရှိရာ ဆောက်လုပ်ပြီးစီးသည့် စာကြည့်တိုက် ၂၄ တိုက်အနက် ၂၀ ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်ခဲ့သော ဒယောက်ကူးကျေးရွာ "သစ္စာရောင်ခြည်" စာကြည့်တိုက်နှင့် ထုံးဖိုကျေးရွာ "မိတ်ဆွေကောင်း" စာကြည့်တိုက် အဆောက်အအုံသစ်များကို (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကာ ဆောက်လုပ်ရန် ကျန်ရှိသည့် စာကြည့်တိုက်များကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်စိုးလွင်**

## ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "**ပြည်သူ့ကြားကပြည်သူ့စကား**" အစီအစဉ်မှ "**နိုင်ငံရပ်ခြားတွင် အခြေကျနေကုန်သော တော်လှန်ရေးဗန်းပြသူများ**" ခေါင်းစဉ်ဖြင့် ၅-၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် "**NUG ကလည်း တော်လိမ်ရေးရန်ပုံငွေ အဝေမတည့်၊ PDF ကလည်း ခေါးပြတိုက်လို့ရတဲ့ငွေ အဝေမတည့်နဲ့ အချင်းချင်း ချောက်ချနေတဲ့ နိုင်ငံရေးဗန်းပြများ**" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် (ကြာသပတေးနေ့) နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် ဖေဖော်ဝါရီ ၃

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ တပ်မတော်ဆေးရုံ၌အခြေပြု၍ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၁၉ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၂၅ ဦး၊ ခွဲစိတ်ရောဂါ ၄၃ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၇ ဦး၊ ကလေးရောဂါ ၄၈ ဦး၊ အရိုးရောဂါ ၁၁၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၀၊ မျက်စိရောဂါ ၁၃၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၈ ဦးတို့အား လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ငါးဦး၊ မျက်စိခွဲစိတ်လူနာ ၃၅ ဦး၊ ဓာတ်မှန်ရိုက် လူနာ ၅၀၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၀ တို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာ ၁၃ ဦးတို့အား နီးစပ်ရာ တပ်မတော် ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည်-

**(၁)အမျိုးသမီး**

ကျွန်မတို့ မရှိဆင်းရဲသားတွေအနေနဲ့ အခုလိုတပ်မတော်ဆေးသဘော်ကြီးက လာရောက်ပြီးတော့ ဆေးကုသပေးတဲ့အတွက် အလွန်ကို အဆင်ပြေပါတယ်။ ငွေကုန်ကြေးကျ နည်းတဲ့အခါကျတော့ သွားရေးလာရေးစရိတ်လောက်ပဲ ကုန်ကျတဲ့အတွက် အားလုံး အဆင်ပြေပါတယ်။ ဟိုင်းကြီးကျွန်းဒေသ အတွက်ကို အခုလို တပ်မတော် ဆေးသဘော်က ဆရာဝန်၊ ဆရာမတွေအနေနဲ့ နောက်နှစ်တွေမှာလည်း ပြည်သူလူထုအတွက် ဆေးကုသမှုတွေ လာရောက် ကုသပေးနိုင်ဖို့ ဖိတ်လည်း ဖိတ်ခေါ်တယ်။ ကျေးဇူးလည်းတင်ပါတယ်။

**(၂) အမျိုးသား**

အခုလိုတပ်မတော်ဆေးသဘော်ကြီးနဲ့ လာရောက်ပြီးတော့ ဆေးကုသပေးတဲ့ အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ အကုန်အကျလည်း သက်သာပါတယ်။ ကျွန်တော်တို့ နဂိုတုန်းက ရောဂါဖြစ်တယ်ဆိုရင် တိုက်နယ်ဆေးရုံလာရတယ်။ ရောဂါပြင်းပြင်းထန်ထန် ဆိုလို့ရှိရင် ပုသိမ်၊ ရန်ကုန်ထိ သွားရပါတယ်။ ကုန်ကျစရိတ်တွေလည်း တအားများပါတယ်။ နောက်ပြီးတဲ့အခါမှာ တွေ့ရတာ ကတော့ သွားဆိုရင်သွား၊ ရောဂါပေါင်းစုံပေါ့ ဆရာမရယ်၊ သူ့ဌာနနဲ့သူ လုပ်ပေးပြီးတော့ နေရာတကျ စီစဉ်ဆောင်ရွက်ပြီးတော့ လိုက်လံပို့ဆောင်ပေးတဲ့အထိ တပ်မတော်သားတွေက လုပ်ကိုင်ပေးနေပါတယ်။ အခုလို လာရောက်ကုသပေးတဲ့အတွက် ဆေးရုံသဘော်ကြီးရော၊ တပ်မတော်သားတွေကိုပါ အများကြီး ကျေးဇူးတင်ပါတယ်။ နောက်နှစ် နောက်နှစ်တွေမှာလည်း အမြဲတမ်း လာရောက်ပြီး ကုသနိုင်ပါစေလို့ ဆုတောင်းပါတယ်။

**သတင်းစဉ်**







## ပေါက်ခေါင်းမြို့နယ်၌ နွေစပါး ၁၁၈၇၁ ဧက လျာထားစိုက်ပျိုးမည်

ပေါက်ခေါင်း ဖေဖော်ဝါရီ ၃

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် နွေစပါး စိုက်ပျိုးရေးအတွက် တောင်နဝင်းရေလှောင်တမံမှ စိုက်ပျိုးရေများကို ဇန်နဝါရီ ၁ ရက်မှစတင်ပြီး စိုက်ပျိုးမြေများသို့ စတင်ဖြန့်ဝေခဲ့ရာ နွေစပါးစိုက်မည့် တောင်သူများသည် မိရိုးဖလာ ကျွဲ၊ နွားများဖြင့်သော်လည်းကောင်း၊ လယ်ထွန်စက်များ အသုံးပြု၍သော်လည်းကောင်း စိုက်ပျိုးမြေများပြုပြင်ခြင်း၊ ထွန်ယက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသည်။

တောင်သူများ၏ နွေစပါးစိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီက စိုက်ပျိုးရေများ ဆောလျင်စွာပေးဝေခဲ့ကြပြီး တောင်သူများအကျိုးစီးပွား တိုးတက်ရရှိနိုင်စေရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးတို့အတွက် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ယခုနှစ်တွင် ပေါက်ခေါင်းမြို့နယ်၌ နွေစပါး ၁၁၈၇၁ ဧက စိုက်ပျိုးထုတ်လုပ်ရန် လျာထားဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၁ ရက်အထိ ၂၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပေါက်ခေါင်းမြို့နယ် တောင်သူများအနေဖြင့် မိမိတို့ဒေသနှင့် ကိုက်ညီသည့် အထွက်တိုးစပါးမျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးကြပြီး ရတနာတိုး၊ ထိုင်းနံ့ကောက်၊ ဗီယက်နမ်နှင့် ရက် ၉၀ စပါးမျိုးများကို ပျိုးထောင်စိုက်နည်းစနစ်၊ Drum Seeder စနစ်တို့ဖြင့် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**

## ဇလွန်မြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး ဟသ်ာတတက္ကသိုလ်မှ ပါမောက္ခ၊ ကထိကများက ဘာသာရပ်အလိုက် သင်ကြားပို့ချ

ဇလွန် ဖေဖော်ဝါရီ ၃

ဧရာဝတီ တိုင်းဒေသကြီး ဇလွန်မြို့နယ် ပညာရေးမှူးရုံးမှ ကြီးမှူး၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ဟသ်ာတတက္ကသိုလ်မှ ပါမောက္ခ၊ ကထိကများ ဦးဆောင်၍ ဘာသာရပ်အလိုက် သင်ကြားပို့ချခြင်းကို ယမန်နေ့နံနက် ၉ နာရီတွင် အထက(၁)ဇလွန် ၊ အထက(၂)ဇလွန်နှင့် အမက ညောင်ပင်ဈေး ကျောင်းတို့ရှိ ခန်းမတို့၌ ပြုလုပ်သည်။



ယင်းသို့ သင်ကြားပို့ချရာတွင် အထက(၁)ဇလွန်တွင် STEAMS– 1 ၁၇၃ ဦး၊ အထက(၂) ဇလွန်တွင် STEAMS–2 ၂၆၄ ဦး၊ အမက ညောင်ပင်ဈေးတွင် STAMS – 1 ၂၈၁ ဦး စုစုပေါင်း Grade–12 မှ ကျောင်းသား ကျောင်းသူ ၇၁၈ ဦးတို့တက်ရောက်ကြပြီး ဟသ်ာတ တက္ကသိုလ်မှ ပါမောက္ခ၊ ကထိက ဆရာကြီး ဆရာမကြီး ၁၆ ဦးတို့က ဘာသာရပ်ကိုးမျိုးအတွက် တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်ပေးစည်းမျဉ်းများနှင့်အညီ ပို့ချဆွေးနွေးကြသည်။

အဆိုပါ သင်ကြားပို့ချနေမှုကို ဟသ်ာတခရိုင် ပညာရေးမှူးရုံးမှ ခရိုင်ပညာရေးမှူး ဦးတိုးဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်း၊ မြို့နယ်ပညာရေးမှူး ဦးအုန်းကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၆၂၄ ခု စစ်ဆေးပြီးစီး ကိုဗစ် – ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၃-၂-၂၀၂၅) ရက်နေ့၊ ည(၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ(၂၆–၁–၂၀၂၅) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂–၂–၂၀၂၅) ရက်နေ့၊ ည(၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၆၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၃

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ထားဝယ်သူနာပြုသင်တန်းကျောင်း၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပ




**ထားဝယ် ဖေဖော်ဝါရီ ၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်သူနာပြုသင်တန်းကျောင်း၏ အပတ်စဉ်(၃၂) မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ထားဝယ်သူနာပြု သင်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီး၏ ဂုဏ်ဆောင်၊ ထားဝယ်သူနာပြုသင်တန်းကျောင်း၏ကောင်းသတင်းနှင့် အစဉ်အလာကောင်းများကို မိမိတို့ကိုယ်တိုင်ထိန်းသိမ်းပြီး နောင်လာမည့် မျိုးဆက်သစ်သူနာပြုများထံ လက်ဆင့်ကမ်းနိုင်အောင်ကြိုးစားကြရန်လိုအပ်ကြောင်း၊ စစ်မှန်သောမျိုးချစ်စိတ်ကို အခြေခံပြီး စည်းလုံးညီညွတ်စွာဖြင့် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန်၊ အတွေးအခေါ်မှန်ကန်မျှတအောင် စိတ်ဓာတ်စွမ်းရည်မြှင့်တင်ပြီး မိမိကိုယ်ကို နိုင်ငံတော်၏ သားကောင်း၊ သမီးကောင်းများ ဖြစ်အောင် ကြိုးပမ်းကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကုသရေးဦးစီးမှူး ထားဝယ်သူနာပြု သင်တန်းကျောင်း (စီမံဥက္ကဋ္ဌ) ဒေါက်တာမိုးဇော်က အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီး ဒေါ်သင်းသင်းလှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ အပတ်စဉ်(၃၂) ပထမနှစ် သူနာပြုသင်တန်းသား သင်တန်းသူ မောင်မယ်သစ်လွင် ၇၈ ဦးက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ဆက်လက်၍ မောင်မယ်သစ်လွင်များအားလုံး၏ကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သူနာပြုသင်တန်းကျောင်းဖွံ့ဖြိုးရေးအတွက် ငွေကျပ် ၁၀ သိန်းကို ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူကာ မောင်မယ်သစ်လွင်သင်တန်းသား သင်တန်းသူများ၏ တေးသီချင်းအကများဖြင့် သီဆိုကပြဖျော်ဖြေနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ပင်းတယမြို့နယ်၌ Bakery & Snack အမျိုးမျိုးထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**ပင်းတယ ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်းတယမြို့နယ်တွင် Bakery & Snack အမျိုးမျိုး ထုတ်လုပ်မှု နည်းပညာ သင်တန်းဆင်းပွဲ အခမ်းအနားကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။



အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အသေးစားလုပ်ငန်းရှင်များ၏ စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းများကို စံချိန်စံညွှန်းပြည့်မီစေရေး၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ဓာတ်ခွဲစစ်ဆေးပေးခြင်းနှင့် အသေးစားကုန်ပစ္စည်းများ ဈေးကွက်ရရှိစေရေးအတွက် ပြပွဲ၊ ဈေးရောင်းပွဲများ ကျင်းပပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သင်တန်းသား သင်တန်းသူများ အနေဖြင့် သင်တန်းတွင် သင်ကြားပို့ချပေးသည့် သင်ခန်းစာများကို လက်တွေ့အသုံးချကာ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်လာအောင် ဆက်လက်ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ၊ သင်တန်းမှထွက်ရှိသော ကုန်ပစ္စည်းများနှင့် လုပ်ငန်းထူထောင်လုပ်ကိုင်မည့် သင်တန်းသား သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တပ်ကုန်းမြို့နယ်၌ မီးဘေးအန္တရာယ်ကင်းဝေးရေး မီးသတ်ဦးစီးဌာနက အသိပညာပေးနှိုးဆော်

**တပ်ကုန်း ဖေဖော်ဝါရီ ၃**

နေပြည်တော် တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကင်းဝေးစေရေး အသိပညာပေးနှိုးဆော်ခြင်းကို ဖေဖော်ဝါရီ ၃ ရက် ညပိုင်းက မီးသတ်ယာဉ်ဖြင့် မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည်ဆောင်ရွက်ခဲ့သည်။

ထိုသို့ အသိပေးနှိုးဆော်ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော် ကြီးကြပ်၍ မီးသတ်စခန်းမှူးနှင့် ဝန်ထမ်းများက မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ၊ မီးသတ်ဆေးဘူးများ ထားရှိရန်၊ ဖယောင်းတိုင်မီး၊ ခြင်ဆေးမီး၊ မီးဖိုမီးများအား စနစ်တကျငြိမ်းသတ်ပြီးမှ အိပ်ကြပါရန်၊ လျှပ်စစ်မီးအား သတိထားကိုင်တွယ်ကြရန်၊ တရားမဝင်လောင်စာဆီများ သိုလှောင်ခြင်း၊ ရောင်းချခြင်းများ မပြုလုပ်ရန်၊ လမ်းသွားရင်း ဆေးလိပ်သောက်သုံးခြင်း မပြုလုပ်ရန်၊ မိမိတို့နေအိမ်ပတ်ဝန်းကျင်ရှိ ရေအိုး၊ ရေစည်များကို ရေဖြည့်ထားရှိရန်နှင့် မီးလောင်မှု၊ မီးလန့်မှုများ ဖြစ်ပွားပေါ်ပေါက်လာပါကလည်း မြို့နယ်မီးသတ်ဦးစီးဌာနထံသို့ သတင်းပေးပို့ဆောင်ရွက်သွားရန်တို့ကို မြို့ပေါ်ရပ်ကွက်လမ်းများ တစ်လျှောက် မီးသတ်ယာဉ်ဖြင့် လှည့်လည်အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




# မိတ္ထီလာမြို့နယ်၌ စာပေရတနာစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**မိတ္ထီလာ ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို စာပေရတနာ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက မွေကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးကျော်ဇေယျ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်နှင့် မွေကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဇောတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးနှင့် တာဝန်ရှိသူများက စာပေရတနာစာကြည့်တိုက် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းကြပြီး စာကြည့်တိုက်အတွင်း ကျောင်းသားကျောင်းသူများက သုတ၊ ရသစာအုပ်စာစောင်များ လေ့လာဖတ်ရှုနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။



ထို့နောက် စာပေရတနာစာကြည့်တိုက် အဆောက်အအုံနှင့် ပတ်သက်သည့် အချက်အလက်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးက ပေးအပ်ခဲ့ရာ စာကြည့်တိုက်ကော်မတီနာယက ဦးကျော်ဇောက လက်ခံခဲ့ပြီး အလှူရှင်များက စာပေရတနာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို စာကြည့်တိုက်ကော်မတီဝင်များထံ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် စာပေရတနာစာကြည့်တိုက်အတွက် အလှူငွေများ လှူဒါန်းသည့် အလှူရှင်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ အလှူရှင်များကိုယ်စား စာကြည့်တိုက်ကော်မတီနာယကက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ စာပေရတနာစာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီကမတည်လှူဒါန်းသည့် ငွေကျပ် သိန်း ၁၅၀ နှင့် စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် ငွေကျပ် သိန်း ၃၀ တို့ဖြင့် ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

# မိုင်းယောင်းမြို့၌ လူငယ်ရေးရာဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မိုင်းယောင်း ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက လူငယ်ရေးရာဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းပန်က စာဖတ်ခြင်းက စာဖတ်သူ၏ သိမှုနယ်ပယ်ကို ကျယ်ပြန့်စေသည်ဖြစ်ရာ များများဖတ်လေ ပို၍ကျယ်ပြန့်လေဖြစ်ကြောင်း၊ စာပေကို အရွယ်အလိုက် ပြောင်းလဲဖတ်ရှုသွားကြကြောင်းနှင့် ရုပ်သံကျွမ်းကျင် (၃) ဒေါ်နန်းစီဖောင်းက လူငယ်တစ်ဦးအတွက် ကျောင်းသင်ပညာရေးနိမ့်ကျနေသည့်အပြင် အတန်းသင်ပညာနည်းပါးစေကာမူ စာပေကို ထူးထူးခြားခြား လေ့လာဖတ်ရှုကြခြင်းဖြင့် လူတစ်လုံးသူတစ်လုံးဖြစ်ခဲ့ကြသူများ၊ ကြီးမြင့်ခဲ့ကြသူများကို အားကျအတုယူနိုင်ရန်အကြောင်းကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံစက်မှုဇုန်၌ သစ်ပါးလွှာစက်ရုံဖွင့်

**ဘားအံ ဖေဖော်ဝါရီ ၃**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကံကောင်းခြင်းရတနာ ထုတ်လုပ်မှုလုပ်ငန်းကုမ္ပဏီ၏ သစ်ပါးလွှာစက်ရုံဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီခွဲက ဘားအံစက်မှုဇုန်ရှိ အဆိုပါ သစ်ပါးလွှာစက်ရုံ၌ ကျင်းပသည်။

စက်ရုံဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ကံကောင်းခြင်းရတနာ ထုတ်လုပ်မှုလုပ်ငန်းကုမ္ပဏီမှတာဝန်ရှိသူ တစ်ဦးတို့က သစ်ပါးလွှာစက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဘားအံစက်မှုဇုန်တွင်လည်ပတ်စက်ရုံ ၃၈ ရုံနှင့် တည်ဆောက်ဆဲစက်ရုံ ၂၂ ရုံရှိသည်။ ယခုသစ်ပါးလွှာစက်ရုံကို ထပ်မံဖွင့်လှစ်ခဲ့သည့်အတွက် လည်ပတ်စက်ရုံ ၃၉ ရုံအထိ ရှိလာသည်။

ယနေ့ဖွင့်လှစ်သည့် ကံကောင်းခြင်းရတနာ ထုတ်လုပ်မှုလုပ်ငန်းကုမ္ပဏီ သစ်ပါးလွှာစက်ရုံကို ရင်းနှီးမြှုပ်နှံမှု ၁ ဒသမ ၅ ဘီလီယံဖြင့် လျာထားတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ စက်ရုံဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ယခုအခါ သစ်ပါးလွှာထုတ်လုပ်ရာမှ နောင်တွင်နည်းပညာဆန်းသစ်တိုးမြှင့်၍ အထပ်သား၊ ကြိတ်ပြား၊ သစ်အချောထည်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ဆောင်ရွက်သွားစေလိုကြောင်း၊ ဒေသတွင်းရှိ အရင်းအမြစ်များကိုအခြေခံပြီး တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်၍ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိ ထိုးဖောက်ရရှိစေရန်အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပြီး မိမိတို့အကျိုး၊ ဒေသနှင့် တိုင်းရင်းသားလူမျိုးများအကျိုးတို့ကို ဆတက်ထမ်းပိုးကြိုးပမ်းအားထုတ်၍ ကရင်ပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဇုန်ဒေသဆိုင်ရာကော်မတီဥက္ကဋ္ဌပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်က ဘားအံစက်မှုဇုန်အတွင်း စက်ရုံ၊ အလုပ်ရုံများကောင်းမွန်စွာလည်ပတ်လုပ်ကိုင်နိုင်ရေး အခြေခံအဆောက်အအုံပိုင်းဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ရေရရှိရေး စသည့်ဖြည့်ဆည်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး ကံကောင်းခြင်းရတနာ ထုတ်လုပ်မှုလုပ်ငန်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ကုမ္ပဏီဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကာ ကျေးဇူးတင်စကားပြောကြားသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သစ်ပါးလွှာစက်ရုံရှိ အထပ်သားအခွံခွာအကြမ်းစက်၊ အထပ်သားအချောစက်၊ ခါးသွေးစက်၊ ဖိသိပ်ထုပ်ပိုးစက်များဖြင့် ရော်ဘာသစ်ပါးလွှာထုတ်လုပ်ပုံအဆင့်ဆင့်နှင့် အရည်အသွေးခွဲခြားပါကင်ထုတ်ပိုးထားရှိမှုနှင့် စက်ရုံထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဟိုပုံးမြို့နယ်၌ အောင်သာယာစာကြည့်တိုက်နှင့် လင်းရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ဟိုပုံး ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပေါင်လင်းကျေးရွာအုပ်စု ဒုံမေးခိုးကျေးရွာရှိ အောင်သာယာ စာကြည့်တိုက်နှင့် စငေါ်ကျေးရွာအုပ်စု စအွန်ကျေးရွာရှိ လင်းရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာရှိ စာကြည့်တိုက်၌ ကျင်းပသည်။



ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ဟိုပုံးတပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းနိုင်၊ ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွန့်ရွှေ၊ အောင်သာယာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးခွန်ကျော်လွင်တို့က ပေါင်လင်းကျေးရွာအုပ်စု အောင်သာယာ ကျေးရွာရှိ အောင်သာယာ စာကြည့်တိုက် အဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ဆက်လက်၍ စငေါ်ကျေးရွာအုပ်စု စအွန်ကျေးရွာရှိ လင်းရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ်အား ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ဟိုပုံးတပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းနိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အိအိသန်း၊ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးထွန်းငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် စာကြည့်တိုက် အဆောက်အအုံသစ်အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ပေါင်လင်း ကျေးရွာအုပ်စု ဒုံမေးခိုးကျေးရွာရှိ အောင်သာယာ စာကြည့်တိုက်သည် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီက ခွဲဝေပေးသည့် ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူလူထု ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူလူထုမှ ထည့်ဝင်ငွေ ကျပ်သိန်း ၃၀၀ အလျား ပေ ၆၀၊ အနံ ၃၈ ပေ၊ အမြင့် ၁၂ ပေရှိ တစ်ထပ်အုတ်ညှပ် အဆောက်အအုံဖြစ်သည်။ စငေါ် ကျေးရွာအုပ်စု စအွန်ကျေးရွာရှိ လင်းရောင်ခြည် စာကြည့်တိုက်သည် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီက ခွဲဝေပေးသည့် ငွေကျပ်သိန်း ၁၅၀ နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ငွေကျပ်သိန်း ၁၅၀၊ ပြည်သူလူထုထည့်ဝင်ငွေ ကျပ်သိန်း ၂၅၀ ဖြင့် အလျား ပေ ၅၀၊ အနံ ၃၈ ပေ၊ အမြင့် ၁၂ ပေ တစ်ထပ်အုတ်ညှပ်အဆောက်အအုံ ဖြစ်ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ကသာမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲပြုလုပ်

**ကသာ ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ ကျောင်းသား ကျောင်းသူများ၊ လူငယ် လူရွယ်များ အသိပညာဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းများကို ယနေ့နံနက် ၉ နာရီခွဲက ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း (တောင်ပေါ်ကျောင်း)၌ ပြုလုပ်သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် တောင်ပေါ်ဘုန်းတော်ကြီးကျောင်းတိုက်ဆရာတော် ဦးဇာနုတ္တရက အဖွင့်သြဝါဒစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စောကလျာက "လူငယ်နှင့်ပြည်ထောင်စုစိတ်ဓာတ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အေးမော်က "ကလေးသူငယ်အခွင့်အရေးဆိုင်ရာ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မိုးမိုးငြိမ်းက "ပလတ်စတစ်အန္တရာယ် ညစ်ညမ်းမှု" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြသည်။

ဟောပြောပွဲအပြီးတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာစောင်နှင့် နံရံကပ်ပိုစတာများ ခင်းကျင်းပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ရဲလင်းထွန်း(ကသာ)**



# ပလောက်မြို့၌ ဆောင်းသီးနှံများလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်

**ပလောက် ဖေဖော်ဝါရီ ၃**

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းသီးနှံများ လျာထားကေထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပလောက်မြို့စိုက်ပျိုးရေးဦးစီးဌာန မြို့ဦးစီးမှူး ဦးသော်ဇင်ထွန်းက ပြောသည်။

ပလောက်မြို့တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီအချိန်တွင် ဆောင်းသီးနှံများအဖြစ် မတ်ပဲ ၁၇ ဧက၊ ပဲတီစိမ်း ဧက ၄၀၊ နေကြာ တစ်ဧက၊ ပဲအမျိုးမျိုး ငါးဧက၊ ဖူးစားပြောင်း ၁၅ ဧက၊ နှမ်း ငါးဧကနှင့် စားဖိုဆောင်းသီးနှံအဖြစ် ငရုတ် ၃၆ ဧက၊ ဟင်းသီးဟင်းရွက် ၇၈ ဧကတို့ကို နိုဝင်ဘာလဆန်းပိုင်းမှ လျာထားဆောင်ရွက်ခဲ့ရာ မတ်ပဲ ၈၁ ဧက၊ ပဲတီစိမ်း ဧက ၄၀၊ နေကြာ သုံးဧက၊ ပဲအမျိုးမျိုး ငါးဧက၊ ဖူးစားပြောင်း ၁၅ ဧက၊ နှမ်း ငါးဧကတို့အပြင် စားဖိုဆောင်းသီးနှံအဖြစ် ငရုတ် ၃၆ ဧက၊ ဟင်းသီး ၇၈ ဧက စုစုပေါင်းပိုမိုစိုက်ပျိုးပြီးစီးခဲ့သည့် ဧကပေါင်းမှာ ၂၅၈ ဧကတို့ကို ယခုနှစ်ဇန်နဝါရီ ၃၀ ရက်တွင် စိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။

ထို့အပြင် သဘာဝရေနှင့် ရေထိန်းတံခါးတို့မှရရှိသော သဘာဝရေချိုဖြင့် သက်တမ်းတိုရက် ၉၀ စပါးမျိုးဖြင့် နွေစပါး ၂၂ ဧကကိုလည်း ပြည့်မီအောင် စိုက်ပျိုးပြီးစီးနိုင်ခဲ့ကြောင်း သိရသည်။

ပလောက်မြို့၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံပဲမျိုးစုံ စိုက်ပျိုးနိုင်ရေး၊ စားဖိုဆောင်းသီးနှံများနှင့် နွေစပါးစိုက်ပျိုးနိုင်ရေးအတွက် ပလောက်မြို့စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများအား ဆောင်းသီးနှံပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်နည်း သင်တန်းပေးခြင်း၊ မျိုးစေ့ရွေးချယ်မှုမှန်ကန်စေရေး၊ မြေဆီလွှာပြုပြင်ရေးနည်းစနစ်များ၊ စိုက်ပျိုးနည်းစနစ်မှန်ကန်စေရေး၊ အပင်အားဆေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# သန်လျင်မြို့တွင် အဌမအကြိမ်မြောက် ပရိယတ္တိတံခွန်စာမေးပွဲကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက် မဟာခေမိကာရာမ ရွှေကျင် စာသင်တိုက်ကြီးတွင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးတို့ အမှူးပြုသော မဟာနာယကဆရာတော်ကြီးများနှင့် ဩဝါဒါစရိယဆရာတော်ကြီးတို့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ၁၃၈၆ ခုနှစ် အဌမအကြိမ်မြောက် ပရိယတ္တိတံခွန်ဖြေဆိုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီက အဆိုပါစာသင်တိုက်ကြီးအတွင်း၌ ကျင်းပသည်။

အဆိုပါ အဌမအကြိမ်မြောက် ပရိယတ္တိတံခွန် ဖြေဆိုပွဲတွင် သန်လျင်မြို့နယ်မှ မင်းကျောင်းပထမပြန်စာသင်တိုက်၊ မဟာခေမိကာရာမ ရွှေကျင်စာသင်တိုက်၊ မဟာမဇ္ဈိမာရုံစာသင်တိုက်၊ ဇေယျမင်္ဂလာ ကျောင်းတိုက်၊ လင်းရောင်ခြည် ကျောင်းတိုက်၊ ရွှေဘိုကျောင်းတိုက်၊ ပုဗ္ဗာသီရိ မိုင်းယောင်း ကျောင်းတိုက်၊ အောင်သုခဒီပါအေး ပရိယတ္တိစာသင်တိုက်၊ မင်္ဂလာကန်ဦး ပရိယတ္တိစာသင်တိုက်၊ သိမ်ကျောင်း ပရိယတ္တိစာသင်တိုက်၊ သိဒ္ဓိအောင်စေကျောင်းတိုက်၊ ဓမ္မရတနာစာသင်တိုက်၊ ဓမ္မရုံသီရွှေတောင်ဦး သီလရှင်ကျောင်းတိုက်၊ ကမ္ဘောဇ ဓမ္မဂုဏ်ရည် သီလရှင်စာသင်တိုက်၊ သမိဒ္ဓေါဒယတေဇောသစ်နှမ့်ဆန်သီလရှင်ကျောင်း၊ သုစိတ္တာရုံ သီလရှင် စာသင်တိုက်၊ ကျောက်တန်းမြို့နယ်မှ ပါဒကြီး ပရိယတ္တိစာသင်တိုက်၊ မင်းကျောင်း ပရိယတ္တိစာသင်တိုက်၊ ၉၆၉ - နှစ်ဖက်လှ သီလရှင်စာသင်တိုက်၊ အောင်ရတနာမဥ္ဇူ သီလရှင်စာသင်တိုက်၊ ဇေယျာသိဒ္ဓိသီလရှင်ကျောင်းတိုက်၊ သုံးခွမြို့နယ်မှ ဇေယျာသိဒ္ဓိပရိယတ္တိစာသင်တိုက်၊ အောင်မြေလောကစာသင်တိုက်၊ ဘုရားကြီးမဏ္ဍိုင်ကျောင်းတိုက်၊ ခရမ်းမြို့နယ်မှ သဒ္ဓမ္မသိင်္ဂီသီလရှင်စာသင်တိုက်၊ သာကေတမြို့နယ်မှ ဝဏ္ဏိတာရာမ ရတနာကန်လေးကျောင်းတိုက်၊ ပုဇွန်တောင်မြို့နယ် ရွှေကျင်ကျောင်းတိုက်တို့မှ ရဟန်း၊ သာမဏေ၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေး စုစုပေါင်း ၃၃၂ ပါးတို့က ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း၊ အခြေပြုမူလတန်းနှင့် အခြေပြုမူကြိုတန်းတို့ကို ဖေဖော်ဝါရီ ၂ ရက်မှ ၈ ရက်အထိ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

သက်ခိုင်(သန်လျင်)

# ရှွေကျင်မြို့နယ် ပွဲကုန်းရပ်ကွက်တွင် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြသခြင်းဆောင်ရွက်

ရွှေကျင် ဖေဖော်ဝါရီ ၃

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပွဲကုန်းရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြသခြင်းကို ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးထွန်းမင်းလတ်က အဖွင့်အမှာစကားပြောကြားပြီး ရွှေကျင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သဲစုအောင်က မူးယစ်ဆေးဝါး၏ဆိုးကျိုးများနှင့် ဆေးလိပ်/ကွမ်းယာ/အရက် သောက်သုံးခြင်း၏ အန္တရာယ်များကို ဟောပြောသည်။ ဆက်လက်ပြီး ဒေါ်မို့မို့သွင် (ရုပ်သံကျွမ်းကျင်-၃)က စာပေဖတ်ရှုခြင်း၏အကျိုးကျေးဇူးနှင့် လူကုန်ကူးမှုအန္တရာယ်များကို ဟောပြောသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား အသိပညာဗဟုသုတ ရရှိစေရေးအတွက် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် သိကောင်းစရာ အသိပညာပေးနံရံကပ်စာစောင်များ၊ သုတ၊ ရသ စာအုပ်စာစောင်များကို ပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၂-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၈၀ | ၃၂၉၅ | ၃၂၆၀ | ၃၁၉၅ | ၃၃၀၀ | ၃၃၁၅ | ၃၃၃၅ | ၃၂၅၅ | ၄၅၀၅ | ၃၅၄၅ | ၃၂၇၀ | ၃၂၇၀ | ၃၃၄၀ | ၃၃၀၅ | ၃၃၃၀ | ၃၅၈၅ | ၄၁၀၀ |
| 95 Ron | ၃၂၆၀ | ၃၃၇၅ | ၃၃၄၀ | ၃၂၇၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၁၀ | ၃၃၃၀ | ၄၅၆၀ | ၃၆၂၅ | ၃၃၅၀ | ၃၃၅၀ | ၃၄၂၀ | ၃၃၈၅ | ၃၄၀၅ | ၃၆၆၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၈၂၀ | ၂၉၃၀ | ၂၈၉၅ | ၂၈၃၀ | ၂၉၃၅ | ၂၉၅၅ | ၂၉၇၀ | ၂၈၉၀ | - | ၃၁၈၀ | ၂၉၀၅ | ၂၉၀၅ | ၂၉၇၅ | ၂၉၄၀ | ၂၉၆၅ | ၃၂၂၀ | ၄၁၀၀ |
| HSD (50 ppm) | ၃၄၈၅ | ၃၆၀၀ | ၃၅၆၅ | ၃၅၀၀ | ၃၆၀၅ | ၃၆၂၀ | ၃၆၄၀ | ၃၅၅၅ | ၄၈၃၀ | ၃၈၅၀ | ၃၅၇၅ | ၃၅၇၅ | ၃၆၄၅ | ၃၆၁၀ | ၃၆၃၅ | ၃၈၉၀ | - |
| HSD (10 ppm) | ၃၄၈၅ | ၃၆၀၀ | ၃၅၆၅ | ၃၅၀၀ | ၃၆၀၅ | ၃၆၂၀ | ၃၆၄၀ | ၃၅၅၅ | - | ၃၈၅၀ | ၃၅၇၅ | ၃၅၇၅ | ၃၆၄၅ | ၃၆၁၀ | ၃၆၃၅ | ၃၈၉၀ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၀၇ | ၃၁၀၁ |
| 95 Ron | ၃၀၈၂ | ၃၁၇၈ |
| HSD (500 ppm) | ၂၆၅၄ | ၂၇၃၆ |
| HSD (50 ppm) | ၃၃၀၂ | ၃၃၉၈ |
| HSD (10 ppm) | ၃၃၀၂ | ၃၃၉၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# ရေတာရှည်မြို့နယ် သံဃနာယကအဖွဲ့ အစားထိုးရွေးချယ်တင်မြှောက်ခြင်းအခမ်းအနား ကျင်းပ

ရေတာရှည် ဖေဖော်ဝါရီ ၃

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သံဃနာယကအဖွဲ့ အနားယူ၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို ကံမြင့်ကျောင်းတိုက်၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ကြပြီး ပဲခူးတိုင်းဒေသကြီးသံဃနာယကဆရာတော် ဘဒ္ဒန္တ ဣန္ဒစာရက ဩဝါဒကထာမြွက်ကြားသည်။

ထို့နောက် ရွေးချယ်မှုကြီးကြပ်ရေးအဖွဲ့ သံဃာအဖွဲ့အစည်းမှ အနားယူခြင်း၊ အစားထိုးခြင်းဆိုင်ရာ သံဃာအဖွဲ့အစည်းအခြေခံစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရာ ကြွရောက်လာသောဆရာတော် ၁၀၂ ပါးမှ ၇၅ ပါးက ဆန္ဒပေးသည့်အတွက် အစည်းအဝေးထမြောက်အောင်မြင်ပါကြောင်း သဘာပတိဆရာတော်က ကြေညာပြီး အစားထိုးရွေးချယ်ခြင်းကို ဆောင်ရွက်ခဲ့သည်။

ယင်းနောက် တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်က နိဂုံးချုပ်ဩဝါဒစကားမြွက်ကြားပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ၃ - ၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၄၅၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၃

ယနေ့နံနက် ၂ နာရီ ၁၄ မိနစ် ၀၁ စက္ကန့်အချိန်တွင် နေပြည်တော် မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဇမ္ဗူသီရိမြို့၏ အနောက်မြောက်ဘက် ၁၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၉ ဒသမ ၉၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၉၂ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

**❂ အာဆင်နယ်မှ**

၇၆ မိနစ်မှာ ကိုင်ဟာဗက်ဇ်နဲ့ သာမန်ပွဲကစားချိန်အပြီး နာကျင်အချိန်ပို ၃ မိနစ်မှာ အင်န်ဝါနီရီတို့က သွင်းယူပေးခဲ့ပြီး မန်စီးတီးအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၅၅ မိနစ်မှာ ဟာလန်းက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ စက်တင်ဘာလအတွင်းက မန်စီးတီးအသင်းရဲ့ အိမ်ကွင်းအီတီဟက်ဒ်မှာ ဆုံတွေ့စဉ်ကလည်း တစ်ဖက်နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်အောင်ကစားနိုင်ခဲ့ပြီး အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးက လီဗာပူးအသင်းထက် တစ်ပွဲပိုကစားထားချိန်မှာ ခြောက်မှတ်အကွာနဲ့ ဒုတိယနေရာမှာ ဆက်လက်ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့လို့ ပရီမီယာလိဂ်ပွဲစဉ်(၂၄)ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၄၁ မှတ်နဲ့ အဆင့်(၄)နေရာမှာပဲ ရပ်တည်ခဲ့တာဖြစ်ပါတယ်။ အမှတ်ပေးဇယားအဆင့်(၆)နေရာက ချယ်လ်ဆီးအသင်းဟာ ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းမှာ ဝက်စ်ဟမ်းအသင်းနဲ့ ကစားရမှာဖြစ်တာကြောင့် ချယ်လ်ဆီးအသင်းက အနိုင်ရရှိခဲ့မယ်ဆိုပါက မန်စီးတီးအသင်းဟာ အဆင့်(၅)နေရာသို့ ဆင်းပေးရဖို့လည်း ရှိနေတာဖြစ်ပါတယ်။

**ငွေကြယ်**

# Let's write in English daily, young ones.

## လူငယ်တွေ . . . အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် . . .

စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)



## UNIT-5

**ကျန်းမာပျော်ရွှင် ပညာသင်၊ ကိုယ်လက်လှုပ်ရှား အားကစား**

ကျောင်းသားများသည် ပညာရေးအောင်မြင်မှုရရှိရန်အတွက် နေ့စဉ် ကိုယ်လက်လှုပ်ရှားအားကစား လေ့ကျင့်ခန်းပြုလုပ်သင့်သည်။ လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် သွေးလည်ပတ်မှုကိုမြှင့်တင်ပြီး မှတ်ဉာဏ်နှင့် အာရုံစူးစိုက်မှုကို တိုးတက်စေသည်။ ပုံမှန်လေ့ကျင့်ခန်းလှုပ်ရှားမှုက စိတ်ဖိစီးမှုကို လျှော့ချပေးပြီး စွမ်းအင်ကိုမြှင့်တင်သည်။ ထို့အပြင် အားကစားက လူမှုဆက်ဆံရေးနှင့် ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးမှုကို အထောက်အကူပြုသည်။ လူမှုအသိုင်းအဝိုင်း၏ တိုးတက်မှုအတွက်လည်း အရေးကြီးသည်။

လူသားတိုင်းပိုင်ဆိုင်သော နေ့စဉ် ၂၄ နာရီထဲမှ မိနစ် ၃၀ ကို ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ရန်ဟု သတ်မှတ်ထားပြီး လွယ်ကူသောနည်းဖြစ်သည့် လမ်းလျှောက်ခြင်းကို ပြုလုပ်ကြမည်ဆိုလျှင် ကျန်းမာခြင်းအတွက် အထောက်အကူပြုစေမည်ဖြစ်သည်။ လမ်းလျှောက်ခြင်းသည် လွယ်ကူသော ကိုယ်လက်လှုပ်ရှား အားကစားနည်းဖြစ်သည်။

**အားကစား၏ အနှစ်သာရ SPORTS –**

အားကစား၏ အနှစ်သာရမှာ တရားမျှတမှု၊ ဇွဲလုံ့လ၊ အကောင်းမြင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ကျွမ်းကျင်မှုတို့ ပါဝင်သည်။ အားကစားကို ယှဉ်ပြိုင်နိုင်သော၊ အပန်းဖြေ၊ ရိုးရာနှင့် ရုပ်ရှာ အားကစားဟူ၍ အမျိုးအစားများစွာ ခွဲခြားနိုင်သည်။

**အားကစားကို အမျိုးအစားများစွာဖြင့် ခွဲခြားနိုင်သည်–**

- ယှဉ်ပြိုင်နိုင်သော အားကစား
  ဥပမာ – ဘောလုံး၊ ဘတ်စကက်ဘော၊ အပြေးပြိုင်ပွဲ။
- အပန်းဖြေအားကစား –
  ဥပမာ – လမ်းလျှောက်ခြင်း၊ ရေကူးခြင်း၊ စက်ဘီးစီးခြင်း။
- ရိုးရာအားကစား –
  ဥပမာ – မြန်မာ့ရိုးရာလက်ဝှေ့၊ ခြင်းလုံး။
- ရုပ်ရှာအားကစား –
  ဥပမာ – ရုပ်ကွက် ဘောလုံးပွဲများ၊ အားကစားပွဲတော်များ။
- S – Sportsmanship (အားကစားစွမ်းရည်)၊ P – Perseverance (ဇွဲလုံ့လ)၊ O – Optimism (အကောင်းမြင်ဝါဒ)၊ R – Resilience (ခံနိုင်ရည်ရှိခြင်း)၊
  T – Teamwork (ပူးပေါင်းဆောင်ရွက်ခြင်း)။

ဤအပတ်တွင် ကိုယ်လက်လှုပ်ရှားအားကစား လေ့ကျင့်ခန်းပြုလုပ်ခြင်းသည် ကျွန်ုပ်တို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ သုခချမ်းသာကို မည်သို့ အကျိုးသက်ရောက်စေကြောင်းကို ရေးသားလိုပါသည်။

**ရိုးရှင်းသောစာကြောင်းများကို**
**စာပိုဒ်များအဖြစ် ပြောင်းလဲရန်အဆင့်များ**

- **Start with the Main Idea** -- ပင်မစိတ်ကူးဝါကျ(MAIN IDEA) ဖြင့် စတင်ပါ
- **Add Supporting Details** -- MAIN IDEA နှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များထည့်ပါ။

**Use the 6 Ws** -- 6 Ws (Who, What, When, Where, Why and How) သည် ရိုးရှင်းသောစာကြောင်းများကို စာပိုဒ်များအဖြစ် ချဲ့ထွင်ရန် ကူညီပေးပါသည်။

6Ws မေးခွန်းများသည် စိတ်ကူးများကို ချောမွေ့စွာချိတ်ဆက်ရန် ကူညီပေးပါသည်။

**Provide Examples and Explanations** -- ဥပမာများနှင့် ရှင်းလင်းချက်များကို အသုံးပြုပါ။

စာပိုဒ်ကို ပိုမိုစိတ်ဝင်စားစရာကောင်းပြီး သတင်းအချက်အလက်ဖြစ်စေသည်။ စာဖတ်သူကို ပိုမိုနားလည်သဘောပေါက်စေရန် ကူညီပေးပါသည်။

**Use Transition Words** -- အကူးအပြောင်းစကားလုံးများကို အသုံးပြုပါ။

“ဥပမာ” “ထို့အပြင်” “ထို့ကြောင့်” နှင့် “ရလဒ်အဖြစ်” ကဲ့သို့သော စကားလုံးများ။

- ပင်မစိတ်ကူး ဝါကျ (MAIN IDEA) – **ပုံမှန်လေ့ကျင့်ခန်းလုပ်ခြင်းက ခန္ဓာကိုယ်နဲ့ စိတ်ကို တိုးတက်စေပါတယ်။**

**စာပိုဒ်–**

ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းပုံမှန်လုပ်ခြင်းသည် အလုံးစုံကျန်းမာရေးအတွက် အရေးကြီးပါသည်။ ၎င်းသည် ကြွက်သားများကို အားကောင်းစေပြီး နှလုံးကျန်းမာရေးကို ကောင်းမွန်စေကာ စွမ်းအင်အဆင့်ကို တိုးစေသည်။ ထို့အပြင် ကိုယ်လက်လှုပ်ရှားမှုသည် စိတ်ဖိစီးမှုကို လျှော့ချပေးပြီး စိတ်ခံစားချက်ကို မြှင့်တင်ပေးသည့် endorphins ကို ထုတ်လွှတ်သည်။ လေ့လာမှုများအရ ကိုယ်လက်လှုပ်ရှားသူများသည် စိုးရိမ်စိတ်နှင့် စိတ်ဓာတ်ကျခြင်းတို့ကို ခံစားရနိုင်ခြေနည်းကြောင်း သိရသည်။ ထို့ကြောင့် ကိုယ်လက်လှုပ်ရှားခြင်းသည် ခန္ဓာကိုယ်နှင့် စိတ်ကို အကျိုးပြုသည်။

**Topic Sentence: Regular exercise improves both the body and mind.**

**Paragraph:**

**Regular exercise is important for overall well-being. It strengthens the muscles, improves heart health, and increases energy levels. In addition, physical activity releases endorphins, which help reduce stress and improve mood. Studies show that people who exercise regularly are less likely to suffer from anxiety and depression. Therefore, staying active benefits both the body and the mind.**

**ရိုးရှင်းသောစာကြောင်းများ**

| English | Myanmar |
|---|---|
| Human health is essential for survival. | လူသားတို့၏ ကျန်းမာရေးသည် အသက်ရှင်နေထိုင်မှုအတွက် အရေးကြီးသောအချက်တစ်ခုဖြစ်သည်။ |
| Good health supports work, family, and social life. | ကျန်းမာရေးကောင်းမွန်ခြင်းသည် လူသားတို့၏ လုပ်ငန်းများ၊ မိသားစုနှင့် လူမှုရေးဘဝအတွက် အထောက်အကူပြုသည်။ |
| Physical, mental, social, spiritual, and economic strengths are important. | ကာယဗလ (Physical Strength)၊ ဉာဏဗလ (Mental Strength)၊ ဘောဂဗလ (Material Strength)၊ မိတ္တဗလ (Social Strength) နှင့် စာရိတ္တဗလ (Moral Strength) တို့သည် လူ့ဘဝတွင် အရေးကြီးသောအချက်များဖြစ်သည်။ |
| Simple exercises like walking should be practiced daily. | နေ့စဉ် လမ်းလျှောက်ခြင်းကဲ့သို့သော လွယ်ကူသော လေ့ကျင့်ခန်းများကို ပြုလုပ်ရန် လိုအပ်သည်။ |
| Other sports like football, swimming, and cycling also help health. | အခြားအားကစားနည်းများဖြစ်သော ဘောလုံး၊ ရေကူးခြင်း၊ စက်ဘီးစီးခြင်းတို့မှာလည်း ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်သည်။ |
| Good health makes life joyful and disease-free. | ကျန်းမာကြံ့ခိုင်မှုသည်လူသားတို့၏ဘဝကို ပျော်ရွှင်ဖွယ်ဖြစ်စေပြီး ရောဂါကင်းရှင်းစေပါသည်။ |
| People often realize the value of health only when they fall sick. | လူများသည်ဖျားနာသည့်အခါမှသာ ကျန်းမာရေး၏တန်ဖိုးကို နားလည်လေ့ရှိပါသည်။ |
| Good health is important for a happy and active life. | ကျန်းမာရေးကောင်းခြင်းက ပျော်ရွှင်တက်ကြွသည့်ဘဝအတွက် အရေးကြီးသည်။ |
| Good physical health leads to better mental strength. | ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကောင်းမွန်ခြင်းသည် စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုကို ပိုမိုကောင်းမွန်စေသည်။ |
| Health includes physical, mental, social, and economic well-being. | ကျန်းမာရေးတွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ သာယာဝပြောမှုများ ပါဝင်သည်။ |
| Preventing illness is better than treating it later. | ကာကွယ်ခြင်းသည်ကုသခြင်းထက် ပိုကောင်းသည်။ |
| Regular exercise, like walking, keeps the heart healthy. | လမ်းလျှောက်ခြင်း ကဲ့သို့ ပုံမှန်လေ့ကျင့်ခန်းလုပ်ခြင်းသည် နှလုံးကျန်းမာစေသည်။ |
| Playing different sports makes exercise fun and keeps the body fit. | မတူညီသောအားကစားနည်းများကို ကစားခြင်းသည် လေ့ကျင့်ခန်းပြုလုပ်ရာတွင် ပျော်ရွှင်စေပြီး ခန္ဓာကိုယ်ကို ကြံ့ခိုင်စေသည်။ |
| Taking care of health should start early, not just in old age. | ကျန်းမာရေးစောင့်ရှောက်မှုကို အသက်ကြီးမှ သာမက စောစောစီးစီးစတင်သင့်သည်။ |
| Moving the body daily helps improve blood flow and strengthens muscles. | နေ့စဉ်လှုပ်ရှားမှုသည် သွေးလည်ပတ်မှုကို မြှင့်တင်ပေးပြီး ကြွက်သားများကို သန်မာစေသည်။ |
| Being with family and friends brings joy and peace of mind. | မိသားစု၊ သူငယ်ချင်းများနှင့် အတူရှိခြင်းသည်ပျော်ရွှင်မှုနှင့် စိတ်အေးချမ်းမှုကို ဖြစ်စေပါသည်။ |

# ကျောက်ဆည်မြို့နယ်၌ ငှက်ပျောသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် ဖေဖော်ဝါရီ ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သင်ပျဉ်ရွာ၊ သာဂရရွာနှင့် သံချက်ကုန်းရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ငှက်ပျောသီးနှံများကို စိုက်ပျိုးလျက်ရှိရာ ကျောက်ဆည်မြို့နယ်တွင် ၁၂၈၂ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။



ငှက်ပျောသီးနှံကို တစ်နှစ်ပတ်လုံးစိုက်ပျိုးပြီး ၁၀ လခန့်အကြာတွင် ငှက်ပျောသီးနှံများကို စတင်ခုတ်ယူရောင်းချနိုင်ကြောင်း၊ ဖီးကြမ်းငှက်ပျောမျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၅ သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ငှက်ပျောခိုင် အခိုင် ၈၀၀ ခန့် ထွက်ရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများက ငှက်ပျောခြံအရောက်လာရောက်ဝယ်ယူကြပြီး ထိုမှတစ်ဆင့်ကျောက်ဆည်ဒေသတွင်းနှင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချကြောင်း၊ ငှက်ပျောသီးနှံကို တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်ပြီး ယခုအချိန်တွင် ငှက်ပျောသီးများ ထွက်ပေါ်ခြင်းမရှိသေးသော်လည်း ငှက်ပျောစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ငှက်ပျောသီးထွက်ပေါ်ချိန်တွင် ဈေးနှုန်းများကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။



# မုံရွာမြို့နယ်၌ ငရုတ်သီးနှံများထွက်ပေါ်၍ အကျိုးအမြတ်ရရှိ

မုံရွာ ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သုံးသီးနှံတစ်မျိုးဖြစ်သည့် ငရုတ်သီးနှံကို ကျေးရွာတစ်ရွာတွင် စိုက်ဧက ၁၀၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ငရုတ်သီးနှံမျိုးစေ့များကို စက်တင်ဘာလတွင် ပျိုးအိတ်ဖြင့်ပျိုးထောင်ကာ အောက်တိုဘာလတွင် ပျိုးပင်သက်တမ်း တစ်လသားခန့်အရွယ်ရှိ ငရုတ်ပင်များကိုမြေချ၍ မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြပြီး ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် ခူးဆွတ်ရကြောင်း၊ သာမို-၁၁ နှင့် မောင်တိန်-၀၄၄ ငရုတ်မျိုးများ စိုက်ပျိုးကြပြီး သာမို-၁၁ မျိုးကိုသာ အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင်စုစုပေါင်းငွေကျပ် ၁၇ သိန်းခန့် ကုန်ကျပြီး တစ်ဧကလျှင် ငရုတ်သီးအစို ပိဿာချိန် ၁၅၀၀-၁၇၀၀ ခန့် ထွက်ရှိကာ စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ သီးနှံအထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများက မုံရွာမြို့ရှိ ကုန်စိမ်းပွဲရုံများသို့ တိုက်ရိုက်တင်ပို့ ရောင်းချမှုရှိသည့်အပြင် ပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ထိုမှတစ်ဆင့် မန္တလေးမြို့ရှိ ကုန်စိမ်းဒိုင်များသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခုနှစ်တွင် ငရုတ်သီးနှံအထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိသောကြောင့် တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

# မြို့သစ်မြို့နယ်၌ ကြက်သွန်နီ(ဥစိုက်)များ လှိုင်လှိုင်ထွက်ပေါ်၍ ဈေးကောင်းရ



မြို့သစ် ဖေဖော်ဝါရီ ၃

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံ တစ်မျိုးဖြစ်သော ကြက်သွန်နီသီးနှံကို စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့်ဥစိုက်နှင့် ပင်စိုက်ဟူ၍ စိုက်ပျိုးကြပြီး ကျေးရွာတစ်ရွာတွင် ကြက်သွန်နီ(ဥစိုက်) ဧက ၁၀၀ ခန့် စိုက်ပျိုးထားရှိရာ ယခုအချိန်တွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီကို စက်တင်ဘာလနှင့် နိုဝင်ဘာလတွင် စိုက်ပျိုးကြပြီး ဇန်နဝါရီလတွင် တူးဖော်ရကြောင်း၊ မျိုးအနေဖြင့် ဖော်မွှားမျိုးနှင့် ကြမ်းကျွံမျိုးများဖြစ်ပြီး ဖော်မွှားမျိုးများကို အများဆုံး စိုက်ပျိုးကြကြောင်း၊ ကြက်သွန်နီကိုပေါင်ခတ်၍ မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ တစ်ဧက စိုက်ပျိုးမှုအတွက် အရွယ်အစားအပေါ် မူတည်၍ မျိုးဥပိဿာချိန် ၃၅၀-၄၅၀ ခန့်နှင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ မြေပြုပြင်ထွန်ယက်ခ အပါအဝင် စုစုပေါင်းငွေကျပ် ၃၂ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပိဿာချိန် ၂၃၀၀-၂၈၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။ ဈေးကွက်အနေဖြင့် မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ ပြည်မြို့နှင့် ရန်ကုန်(ဘုရင့်နောင်ပွဲရုံ)သို့ တင်ပို့ကြောင်း၊ ယခုနှစ်တွင် ကြက်သွန်နီအထွက်နှုန်း အနည်းငယ် လျော့နည်းသော်လည်း ဈေးကောင်းရရှိ သောကြောင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သတင်းရင်းမြစ်**
**စီးပွား/ကူးသန်း**

# မုံရွာမြို့နယ်၌ ပြောင်းသီးနှံစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မုံရွာ ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကျေးရွာတစ်ရွာတွင် ပြောင်းသီးနှံများကို ၁၅ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို ဩဂုတ်လတွင် စတင်စိုက်ပျိုးပြီး နှစ်လကျော်အကြာတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် သကြားပြောင်းနှင့် ပြောင်းစီး အဖြူမျိုးများကို ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ ရိတ်သိမ်းခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၂ သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ပြောင်းဖူး ၄၈၀၀-၅၀၀၀ ခန့် ထွက်ရှိကာ စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ သီးနှံအထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများက စိုက်ခင်းအရောက်လာရောက်ဝယ်ယူမှုရှိသည့်အပြင် တောင်သူများက မုံရွာမြို့ပေါ်ရှိ ကုန်စိမ်းပွဲရုံများသို့ တိုက်ရိုက်တင်ပို့ ရောင်းချလျက်ရှိရာ ပြောင်းသီးနှံ စိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိလျက်ရှိကြောင်း သိရသည်။



## ၃-၂-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ (ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၁၁၆၅ | ၂၄၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၂၆၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | လားရှိုး | | | | | | | | | | | | | | | | | | | | | | |
| ၃ | ကျိုင်းတုံ | ၅၂၀၀ | | ၇၃၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၁၇၅၀၀ | ၁၅၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၁၄၀ | ၁၇၅၀၀ | ၄၇၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၆၅၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၅ | လှိုင်ကော် | ၄၀၀၀ | | ၇၀၀၀ | ၁၈၀၀၀ | ၈၂၀၀ | ၁၆၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၄၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၆ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၈၀၅၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၇ | မော်လမြိုင် | ၃၀၀၀ | | ၅၀၀၀ | ၁၈၀၀၀ | ၈၀၂၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၇၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၁၀၀၀ |
| ၈ | ထားဝယ် | ၃၅၀၀ | | ၆၃၀၀ | ၂၀၀၀၀ | ၈၄၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၉ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၈၅၆၀ | ၁၇၀၀၀ | ၄၃၀၀ | ၁၇၀၀၀ | ၁၈၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၉၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၂၅၀၀ | ၆၀၀၀ | ၅၇၀၀ | ၁၉၀၀၀ | ၃၄၀၀၀ | ၂၄၀၀၀ | ၂၇၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၆၀၀ | ၁၆၀၀၀ | ၄၈၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၁ | ပုသိမ် | ၃၃၅၀ | | ၅၁၀၀ | ၂၁၅၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၂၉၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၄ | မုံရွာ | ၃၃၅၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၈၀၀၀ | ၂၁၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၅ | မန္တလေး | ၃၆၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၃၁၅ | ၂၀၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၄၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၅၀၀ | ၈၁၀၀ | ၁၅၀၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၂၁၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀ | ၉၅၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၀၇၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၉၀၀ | ၁၃၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၇၂၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၉ | ပဲခူး | ၃၁၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၉၀၀ | ၁၂၅၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၈၈၅ | ၁၅၈၀၀ | ၃၆၀၀ | ၁၆၄၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၄၂၀၀ | ၇၀၀ | ၈၅၀၀ | ၇၂၀၀ | ၇၇၀၀ | ၆၅၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၂၉၀၀၀ | ၂၃၅၀၀ | ၂၈၀၀၀ | ၁၃၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၈၈၅ | ၁၆၄၀၀ | ၄၀၀၀ | ၁၆၈၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၇၀၀ | ၉၀၀၀ | ၇၄၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၂၀၀ | ၁၆၅၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၂၈၅၀၀ | ၁၃၄၀၀ |
| ၂၂ | ကလေး | ၃၂၀၀ | | | ၁၉၀၀၀ | ၁၅၀၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၁၉၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၂၉၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုဆုတံဆိပ်များရရှိစေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံအနေဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုဆုတံဆိပ်များ ရရှိစေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်သူ၊ ဦးထွန်းမြင့်ဦး၊ ဦးကျော်စိုးမိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ နှင့် တာဝန်ရှိသူများက ဌာနခွဲများအလိုက် လုပ်ငန်းတာဝန်များဆောင်ရွက်နေမှု၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်တို့က ဌာနမှဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲ ဖေဖော်ဝါရီ ၅၊ ၆ ရက် ကျင်းပမည်

မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်း ဝင်ရောက်ယှဉ်ပြိုင်နေသည့် ၂၀၂၄-၂၀၂၅ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ပွဲစဉ်များကို ဖေဖော်ဝါရီ ၅၊ ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

အုပ်စုနောက်ဆုံးနေ့တွင် ဆီမီးဖိုင်နယ်တက်ရောက်ခွင့် လေးနေရာအနက် သုံးနေရာအတွက် အဖြေရှာရမည်ဖြစ်ပြီး အုပ်စု (B) မှ ဗီယက်နမ်ကလပ်ဟန္တိုင်းအသင်းသာ ဆီမီးဖိုင်နယ် တက်ရောက်သေးခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ကမ္ဘောဒီးယားကလပ် Svay Rieng အသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၅ ရက် မြန်မာစံတော်ချိန် ညနေ ၇ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်မရှိသော်လည်း ယင်းအသင်းနှင့် မတ်လတွင်ကျင်းပမည့် AFC Challenge League ကွာတားဖိုင်နယ်တွင် လည်းတွေ့ဆုံနေသဖြင့် ယခုပွဲမှာ အရေးပါလျက်ရှိသည်။ အုပ်စု (A) နောက်ဆုံးနေ့အဖြစ် ဖေဖော်ဝါရီ ၅ ရက်တွင် ကမ္ဘောဒီးယားကလပ် Svay Rieng အသင်းနှင့် မြန်မာကလပ်ရှမ်းယူနိုက်တက်အသင်း၊ အင်ဒိုနီးရှားကလပ် မာကာဆာအသင်းနှင့် ဗီယက်နမ်ကလပ် ထန်ဟွာအသင်း၊ ထိုင်းကလပ် BG ပါသွန်ယူနိုက်တက်အသင်းနှင့် မလေးရှားကလပ် တီရန်ဂါနူးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - SUFC**

# (၃၃) ကြိမ်မြောက် ထိုင်းဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် အသက်ကျော်ကစားသမား ထည့်သွင်းအသုံးပြုခွင့်မပြု

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲတွင် အသက်ကျော်ကစားသမားများ ထည့်သွင်းအသုံးပြုခွင့်ပေးမည် မဟုတ်ကြောင်း သိရသည်။

အမျိုးသား ဘောလုံးပြိုင်ပွဲကို အသက် ၂၂ နှစ်အောက်ပြိုင်ပွဲအဖြစ် ဆက်လက် ကျင်းပမည်ဖြစ်ပြီး ၂၀၁၉၊ ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲတွင် အသက်ကျော်ကစားသမားနှစ်ဦး



၂၀၂၃ ဆီးဂိမ်းဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း ယှဉ်ပြိုင်နေစဉ်။

စီ အသုံးပြုခွင့်ပေးခဲ့သော်လည်း လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် အသက်ကျော်ကစားသမားပါဝင်ခွင့်မပြုဘဲ အသက် ၂၂ နှစ်အောက် ကစားသမားများဖြင့်သာ ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဆီးဂိမ်းအမျိုးသား ဘောလုံးပြိုင်ပွဲကို ၁၉၅၉ ခုနှစ်၊ ၁၉၉၉ ခုနှစ်အထိ လက်ရွေးစင်အဆင့်ပြိုင်ပွဲအဖြစ် ကျင်းပခဲ့သော်လည်း ၂၀၀၁ ခုနှစ်မှစတင်ကာ သက်တမ်းအလိုက် ပြိုင်ပွဲအဖြစ် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

## ဆုတံဆိပ်နှင့်လွဲချော်

မြန်မာ ယူ-၂၂ အသင်းသည် နောက်ဆုံးကျင်းပသည့် ၂၀၂၃ ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲတွင် ဆီမီးဖိုင်နယ် တက်ရောက်နိုင်သော်လည်း တတိယလုပွဲတွင် ဗီယက်နမ်အသင်းကို ရှုံးနိမ့်ပြီး ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - seagames 2023**

# MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲ ကျင်းပမည်

မြန်မာနေရှင်နယ်လိဂ်က စီစဉ်ကျင်းပမည့် MNL-2 သို့ တန်းတက်ကစားခွင့်ရမည့် MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲကို မတ်လဒုတိယပတ်တွင် ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွင်း ပြုလုပ်လျက်ရှိသည့် အပျော်တမ်း လိဂ်ပြိုင်ပွဲများမှ ကလပ်အသင်းများနှင့် အခြားအပျော်တမ်းကလပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၄ ရက် နောက်ဆုံးထား စာရင်းပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်း အရေအတွက်အပေါ်မူတည်၍ ပွဲစဉ်ရေးဆွဲကာ MNL-2 Promo-tion Amateur Club Tournament 2025 ပြိုင်ပွဲ ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲရောက်ရှိသည့် နှစ်သင်းမှာ လာမည့် ၂၀၂၅ ရာသီ MNL-2 ပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိမည်ဖြစ်သည်။ ၂၀၂၄ ရာသီ MNL-2 ပြိုင်ပွဲအပြီးတွင် Chinland အသင်းက ချန်ပီယံဖြစ်ခဲ့ပြီး တက္ကသိုလ်အသင်းက ဒုတိယရရှိကာ လာမည့်ရာသီ MNL သို့ တန်းတက်ကစားခွင့်ရမည်ဖြစ်သည်။ အမှတ်အနည်းဆုံးရရှိသည့် ရွှေပြည်သာယူနိုက်တက်အသင်းနှင့် ရောဝတီရိန်းဂျားအသင်းတို့ တန်းဆင်းခဲ့ရပြီး ယင်းနှစ်သင်းနေရာတွင် အစားထိုးရန် MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲ ပြုလုပ်ကာ အသင်းရွေးချယ်ခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**

○ ဂျပန်ကုမ္ပဏီမှ

အလုပ်သမားဝန်ကြီးဌာနသို့ပြန်လည်ပေးပို့လျက်ရှိကြောင်း ဖော်ပြထားသည်။

မြန်မာသံရုံးအနေဖြင့် Demand Letter များကို ဂျပန်ကုမ္ပဏီများထံမှ ပြန်ကြားစာလက်ခံရရှိသည့်ရက်စွဲအလိုက် အစဉ်အတိုင်း စိစစ်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်အထိ လက်ခံရရှိ၍ စိစစ်ပြီးစီးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့ပြန်ကြားခဲ့သည့် အလုပ်ကမ်းလှမ်းစာ ၄၅၉ ခုနှင့်ပတ်သက်သည့် အချက်အလက်များအား အသိပေးထုတ်ပြန်ထားကြောင်းပါရှိသည်။ အဆိုပါစာရင်းအရ ဂျပန်ကုမ္ပဏီ ၄၅၀ ကျော်က မြန်မာလုပ်သား အမျိုးသား ၃၁၀ ကျော်၊ အမျိုးသမီး ၁၁၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ပြီးခဲ့သည့် ဇန်နဝါရီ ၁၅ ရက် ထုတ်ပြန်ချက်တွင်လည်း ဂျပန်ကုမ္ပဏီ ၃၀၀ ကျော်မှ မြန်မာလုပ်သား အမျိုးသား ၂၀၀ ကျော်နှင့် အမျိုးသမီး ၇၃၀ ကျော် စုစုပေါင်း ၉၀၀ ကျော် ခေါ်ယူမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့သည်။

**မေသက်**

❖ MNL မှ

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အဆင့် ၅ နေရာအတွင်းဝင်ရန် ကြိုးပမ်းနေသည့် အသင်းနှစ်သင်း ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး မဟာယူနိုက်တက်အသင်းက တိုက်စစ်မှူး ပက်ထရစ်၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၆ မိနစ်တွင် တိုက်စစ်မှူး ပက်ထရစ်က မဟာယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မဟာယူနိုက်တက်အသင်းအတွက် ဒုတိယဂိုးကို ၅၉ မိနစ်တွင် ပက်ထရစ်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မဟာယူနိုက်တက်အသင်းမှ ခန့်ဇင်ဟိန်းက ရရှိသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ သစ္စာအားမာန်အသင်းသည် ၆၂ မိနစ်တွင် စောမျိုးဇော်သွင်းယူသည့် ပင်နယ်တီဂိုးဖြင့် အနိုင်ရခဲ့ပြီး တန်းဆင်းဇုန်အန္တရာယ်မှလွတ်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို သစ္စာအားမာန်အသင်းမှ စောမျိုးဇော်ကရရှိသည်။

ပွဲစဉ် (၁၈) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၅၀ ဖြင့် ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၄၁ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းကရမှတ် ၄၀၊ ဒဂုံစတားယူနိုက်တက်အသင်းက ၃၇ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၈ မှတ်၊ မဟာယူနိုက်တက်အသင်းက ၂၆ မှတ်၊ ရတနာပုံအသင်းက ၂၅ မှတ်၊ သစ္စာအားမာန်အသင်းက ၁၇ မှတ်၊ Dagon Port အသင်းက ၁၅ မှတ်၊ ရောဝတီယူနိုက်တက်အသင်းက ၁၄ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ခုနစ်မှတ်၊ မြဝတီအသင်းက ငါးမှတ် ရရှိထားသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**


## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဘုရင့်နောင်) မြေကွက်အမှတ်(ည/၁၅) ဧရိယာ(၄၀ပေ x ၆၀ပေ)(၀.၀၅၅)ဧကရှိ (၂၅)နှစ်(ဂရန်သက်တမ်းကုန်)မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ရှိသော အမှတ်(ည/၁၅)၊ အာသောကလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် ပွဲရုံအဆောက်အအုံနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေက အမည်ပေါက် ဦးမောင်မောင်စိုး[၁၄/ပသန(နိုင်)၁၄၇၈၄၂]ထံတွင်ဝယ်ယူရန်အတွက် တစ်စိတ်တစ်ဒေသငွေပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောမူရင်းစာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့် ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

**ဒေါ်စန်းစန်းဝင်း(တရားလွှတ်တော်ရှေ့နေ)(စဉ်-၂၁၇၂)**

**B.A (law) LL.B(Advocate),D.B.L, D.M.L, D.I.L,D.A.Psy.**

**WIPO,DL (101),(201),(317),Switzerland (Geneva).**

**အမှတ်(၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂)ရပ်ကွက်၊**

**ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**

**ဖုန်း - ၀၉ ၅၀၇၁၂၀၆၊ ၀၉ - ၉၇၄၇၃၅၆၈၆**


**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## ရုံးအမှတ်(၄၄)၊ နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာ (၉၀)အတွက် ယှဉ်တွဲပါသတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်–

| စဉ် ခန့်ထားမည့်ရာထူး | လစာနှုန်း | ပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|---|
| (က) စာရင်းကိုင်(၂) | ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | B.Com/B.Act/ B.BA/ B.Econ/B.B.Sc | ကျား/မ ၅ |
| (ခ) လျှပ်စစ်ကျွမ်းကျင်(၂) | ။ | B.Tech/ B.Sc | ကျား/မ ၅ |
| (ဂ) ထုတ်လုပ်ရေး ကျွမ်းကျင်(၂) | ။ | B.Tech/ B.Sc | ကျား/မ ၅ |
| (ဃ) စက်မှုကျွမ်းကျင်(၂) | ။ | B.Tech/ B.Sc | ကျား/မ ၅ |
| (င) ဓာတ်ခွဲခန်းကျွမ်းကျင်(၂) | ။ | B.Tech/ B.Sc | ကျား/မ ၅ |
| (စ) စာရင်းကိုင်(၄) | ၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀ | ဘွဲ့ရ | ကျား/မ ၁၀ |
| (ဆ) ဒု–လ/ထကွန်ပျူတာ လုပ်ဆောင်ရေးမှူး | ။ | ဘွဲ့ရ/AGTI/ EGTI/ GTC | ကျား/မ ၅ |
| (ဇ) အငယ်တန်းစာရေး | ။ | ။ | ကျား/မ ၁၀ |
| (ဈ) ထုတ်လုပ်ရေး ကျွမ်းကျင်(၄) | ။ | ။ | ကျား/မ ၁၅ |
| (ည) လျှပ်စစ်ကျွမ်းကျင်(၄) | ။ | ။ | ကျား/မ ၅ |
| (ဋ) စက်မှုကျွမ်းကျင်(၄) | ။ | ။ | ကျား/မ ၁၅ |
| (ဌ) ဓာတ်ခွဲခန်း ကျွမ်းကျင်(၄) | ။ | ။ | ကျား/မ ၅ |

၂။ လျှောက်ထားသူများသည်–
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၂၈–၂–၂၀၂၅ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထက် မကြီးသူဖြစ်ရမည်။
- (ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
- (ဃ) မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးချုပ်၊နေပြည်တော်၊ အမှတ်(၃)ဓာတ်မြေဩဇာစက်ရုံ(ကျော်စွာ)အောင်လံမြို့နယ်၊ မကွေးတိုင်းဒေသကြီး၊ အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ (မြောင်းတကာ)မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့်အမှတ်(၅)ဓာတ်မြေဩဇာ စက်ရုံ(ကန်ကြီးထောင့်)၊ ကန်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် တာဝန်ထမ်းဆောင်နိုင်သူများဖြစ်ရပါမည်။
- (င) ရွေးချယ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး ၃ နှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာလျှောက်ထားရန်နှင့် လျှောက်လွှာပုံစံကို စွမ်းအင်ဝန်ကြီးဌာန၏ Website ဖြစ်သော **www.energy.gov.mm** မှ Download ရယူ၍ လျှောက်လွှာတွင် ပါရှိသည့်အချက်များကို ပြည့်စုံစွာဖြည့်စွက်ပြီး အောက်ဖော်ပြပါ အထောက်အထားများနှင့်အတူ ပူးတွဲတင်ပြလျှောက်ထားရမည်–
- (က) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)မိတ္တူ
- (ခ) ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူမှန် (စာမေးပွဲဖြေဆိုသည့်အခါ လက်မှတ်မူရင်းတင်ပြရမည်။)
- (ဂ) အသက်အထောက်အထားစိစစ်ရန် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူမှန် (ဖြေဆိုခွင့် ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြရမည်။)
- (ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်မူရင်း(ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်း တင်ပြရမည်။)
- (င) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ကာလာဓာတ်ပုံ(၃)ပုံ။ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရေးသား ဖော်ပြရမည်။)
- (စ) လျှောက်လွှာပိတ်ရက် မတိုင်မီ (၁)လအတွင်း လျှောက်လွှာပါ လိပ်စာတွင် အမှန်တကယ်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲစခန်း၏ ထောက်ခံချက်မူရင်း။

၄။ လျှောက်လွှာများကို မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ ၂၁–၂–၂၀၂၅ ရက်နေ့ (လျှောက်လွှာပိတ်ရက်)ရုံးချိန်အရောက် နောက်ဆုံးထား၍ ပေးပို့ရပါမည်။ သတ်မှတ်ထားသည့် စာရွက်စာတမ်းများမပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို(လုံးဝ)လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲကို ၁–၃–၂၀၂၅ ရက်နေ့တွင် နေပြည်တော်၌ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ဖြေဆိုရမည်ဖြစ်ပါသည်။

၆။ သတ်မှတ်ထားသည့်အချက်များနှင့်ပြည့်စုံသော ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်းများအား ဖော်ပြပါ Website >> တွင် ကြိုတင်ကြေညာ ပေးသွားမည်ဖြစ်ပြီး ၂၇–၂–၂၀၂၅ ရက်နေ့နှင့် ၂၈–၂–၂၀၂၅ ရက်နေ့တို့တွင် ဖြေဆိုခွင့် ကတ်ပြားထုတ်ပေးသွားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ဖုန်းနံပါတ် ၀၆၇–၃၄၁၁၁၂၂ နှင့် ၀၆၇–၃၄၁၁၁၇၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန**

## ၂၀၂၅ ခုနှစ်၊ ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ (၆၅)ကြိမ်မြောက်၊ ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်တွင် ၂၀၂၅ ခုနှစ်၊ မတ်လ (၂၃)ရက်နေ့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါအခမ်းအနားအတွက် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **"သဘာဝဘေးကြိုတင်သတိပေးချက် ပြည့်စုံကောင်းမွန်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး"** ခေါင်းစဉ်ဖြင့် ကျင်းပြုလုပ်သွားမည်ဖြစ်ပါ၍ အောက်ပါစည်းကမ်းချက်များအတိုင်း ပါဝင်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်–

- ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာအနည်းဆုံး စာမျက်နှာ ၁၀ မျက်နှာအထိ ရေးသား ယှဉ်ပြိုင်ရမည်ဖြစ်သည်။
- ကွန်ပျူတာစာလုံး Myanmar Unicode (Pyidaungsu Font) စာလုံး အရွယ်အစား–၁၃ (Font Size 14) စာကြောင်းအကွာအဝေး ၁.၁၅ (Line Spacing 1.15) ဖြင့် မြန်မာစာသတ်ပုံမှန်ကန်စွာ ကွန်ပျူတာစာစီ၍ PDF နှင့် Microsoft Word တို့ဖြင့် ပေးပို့ရမည်ဖြစ်ပါသည်။
- ပြိုင်ပွဲဝင်များ ပေးပို့သည့်စာမူများသည် မိမိကိုယ်တိုင် ဖန်တီးရေးသားထားသည့် စာမူဖြစ်ပြီး၊ ပေးပို့လာသည့်စာမူသည် ဂျာနယ်၊ မဂ္ဂဇင်းများနှင့် မီဒီယာများတွင် ဖော်ပြထားပြီးသည့် စာမူများမဖြစ်စေရပါ။ စာကို အထောက်အထားဖြင့် ဖော်ပြပါက ကျမ်းကိုးကို ထည့်သွင်းဖော်ပြရမည်။
- ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များပါဝင်သော ဆုများစိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ ပထမဆု ကျပ် (၅)သိန်း၊ ဒုတိယဆု ကျပ် (၃)သိန်း၊ တတိယဆု ကျပ် (၂) သိန်း စုစုပေါင်း (၃)ဆုကို ချီးမြှင့်မည်ဖြစ်ပြီး ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဆောင်းပါးများကို (Hard/ Soft–copy) တစ်စုံစီ၊ ကိုယ်တိုင် ဖန်တီးရေးသားထားကြောင်း ဝန်ခံကတိပြုချက်၊ ပြိုင်ပွဲဝင်သူ၏ အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ **ဥက္ကဋ္ဌ၊ ဆောင်းပါးပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ကမ္ဘာအေး၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၂၅၀၉၅၄၆၅၉ နှင့် အတွင်းရေးမှူး၊ ဆောင်းပါးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ကမ္ဘာအေး၊ ရန်ကုန်မြို့၊ ဖုန်း ၀၉– ၂၅၀၉၅၄၆၅၆ သို့ ၂၀၂၅ ခုနှစ်၊ မတ်လ (၁၀) ရက်နေ့၊ ညနေ(၄)နာရီ နောက်ဆုံးထား၍ ဆက်သွယ် ပေးပို့နိုင်ပါသည်။** စည်းကမ်းချက်များနှင့်မကိုက်ညီသော ဆောင်းပါးများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
- ဆုရရှိသူများအား မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ Website (http://**www.dmh.gov.mm**) နှင့် Facebook (**https://www.facebook.com**/dmhmoezalanaypyitaw/ တို့တွင် ကြေညာပေးမည်ဖြစ်ပြီး ဆုများကို ၂၀၂၅ ခုနှစ်၊ မတ်လ (၂၃)ရက်နေ့၊ နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ကမ္ဘာ့မိုးလေဝသနေ့အခမ်းအနား၌ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**
**ဆောင်းပါးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ**
**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်–၂၃/ဂုဏ်တန်မြောက်၊ ဦးပိုင်အမှတ်(၇၈)၊ ဧရိယာ(၀.၂၃၃)ဧကရှိ ဘိုးဘပိုင်မြေကွက်အား အမည်ပေါက်သူ ဒေါ်နှင်းဝေ[၉/မထလ(နိုင်)၂၁၄၂၃၈] (ပါ )၂–ဦးတို့မှ ဘိုးဘပိုင်မြေကွက်အမည်ပေါက် ပြောင်းလဲခြင်းအမိန့်၊ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၀၁၀/၂၀၁၀)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး **ဒေါ်သီရိသူ[၆/မအရ(နိုင်)၀၉၉၂၇၉]နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး ၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅/သမိုင်း)မြေကွက်အမှတ်-(၁/ခ.၁၂၇)၊ မြေဧရိယာ ၀.၀၆၅ဧကရှိနှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက် ပေါ်ရှိ မရမ်းကုန်းမြို့နယ်၊(၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်းသွယ်(၆)၊ အမှတ်-၆၇၅(ခ )ဟုခေါ်တွင်သော အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ဂရန်အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော ဦးကျော်စွာသန့်(၁၂/မရက(နိုင်)၁၂၉၆၇၆)နှင့် ဒေါ်စုယဉ်နွဲ့(၁၂/မရက(နိုင်)၁၂၉၆၇၅)တို့ကလွတ်လပ်စွာ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း မြွက်ဖော်ဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေထံ လွှဲပြောင်းရောင်းချရန်အတွက် အရောင်းတန်ဘိုးငွေတစိတ်တဒေသကို ပေးချေထားပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်တစုံတရာရှိကြောင်းဖြင့် ကန့်ကွက်လိုပါက ယနေ့မှရက်သတ္တ(၁)ပါတ်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့်ကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
**ဒေါ်ခင်မာဌေး LL.B**
**တရားလွှတ်တော်ရှေ့နေ(၂၈၀၅)**
**ဦးဇေယျာလင်းထွန်းLL.B,LL.M ဒေါ်နန်းချိုချိုခိုင် LL.B,LL.M**
**အထက်တန်းရှေ့နေ(၅၅၉၇၉) အထက်တန်းရှေ့နေ(၅၃၉၅၉)**
**အမှတ်-၄၆၊ ပထမထပ်၊မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၆၃၃/က)၊ ဧရိယာ (၂၀ပေx၆၀ပေ)၊ မြေကွက်တည်နေရာအမှတ်(၆၃၃/က)၊ မဟာဝန်အထက်လမ်း၊ ၈/ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးအင်ရီကွန်း(ခ) ဦးမြင့်ဇော်[၁၂/သကတ(ပြု)၀၀၀၀၂၆]၊ အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်ဦးအင်ရီကွန်း(ခ) ဦးမြင့်ဇော်[၁၂/သကတ(ပြု)၀၀၀၀၂၆] (ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်မြစိန်(ခ)ဒေါ်ဌေးဌေး [၁၂/ပသန (နိုင်)၀၀၇၂၅၆] မှ ကွယ်လွန်သူ ခင်ပွန်းတွင် တစ်ဦးတည်းသော ဇနီးဖြစ်သူ မိမိသာကျန်ရစ်ခဲ့ပါကြောင်း၊ ကွယ်လွန်သူခင်ပွန်းတွင် မိမိမှလွဲ၍ အခြားသော ဇနီးတစ်ဦး တစ်ယောက်မျှမရှိပါကြောင်း၊ ခင်ပွန်းဖြစ်သူ ကွယ်လွန်သောအခါ မိမိတစ်ဦးတည်းသောအထက်ဖော်ပြပါ မြေကွက်ရှိ အဆောက်အဦအပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်အား မြန်မာ့ ဓလေ့ထုံးတမ်းဥပဒေအရ အမွေ ဆက်ခံပိုင်ဆိုင် လာပါကြောင်း၊ မိမိအပြင် အခြားအမွေဆက်ခံပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျိန်ဆိုထားသည့်တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးအင်ရီကွန်း (ခ) ဦးမြင့်ဇော် (ခင်ပွန်း)၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**တောတောင်**
**ပျက်ပြုန်း**
**မြေဆီ**
**သုဉ်း၏**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်–၂၃/ဂုဏ်တန်မြောက်၊ ဦးပိုင်အမှတ်(၇၇ᵃ)၊ ဧရိယာ(၀.၀၃၅)ဧကရှိ ဘိုးဘပိုင်မြေကွက်အား အမည်ပေါက်သူ ဒေါ်နှင်းဝေ[၉/မထလ(နိုင်)၂၁၄၂၃၈] မှ ဘိုးဘပိုင်မြေကွက်အမည်ပေါက်ပြောင်းလဲခြင်း အမိန့်၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၃/၂၀၁၁)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး **ဒေါ်သီရိသူ [၆/မအရ(နိုင်)၀၉၉၂၇၉]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေပုံ/မြေရာဇဝင်ရေးကူးခွင့်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၄–ရပ်ကွက်၊ ပျဉ်းကတိုးလမ်း၊ အမှတ် (၂၆၃)နေ ဒေါ်ဝင်းဝင်းအေး (၁၄/ညတန (နိုင်) ၁၂၂၇၀၄) သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် **(၄/၄၈၆)** ဖြင့် **(၁၆–၁–၂၀၂၅)** နေ့က တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်-

အထက်ဖော်ပြပါ "KSS" KYAWT SHWE SIN ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြုပြီး **ရေမွှေးအမျိုးမျိုးတို့ကို** ထုတ်လုပ်ဖြန့်ဖြူး၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ဖော်ပြပါတံဆိပ်အမည်အမှတ်အသားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆင်တူယိုးမှားတုပပြုလုပ်သုံးစွဲခြင်းမပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ထက်ထက်ဦးမြင့် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၁၆၅)
အမှတ် (၅၀)၊ ပ–ထပ်၊ (A-18)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း – ၀၉ ၅၁၈၆၉၂၃

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ ထန်းတောမြိုင်လမ်း၊ အိမ်အမှတ်(၁၂)၊ မြေကွက်အကျယ်ပေ(၁၇x၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းအေး(ဘ)ဦးစံအေး [၁၄/ဝခမ(နိုင်)၃၄၇၆၀၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်ဖြူမာ[၁၂/ကတတ(နိုင်)၀၂၈၁၉၄]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီရိဦး (LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း–၀၉–၄၂၁၀၁၉၇၈၆၊ ၀၉–၇၉၉၂၂၉၁၈၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ ၈၉–လမ်း၊ အမှတ်(၄၅)၊ ဒုတိယထပ်၊ ၃–လွှာ/ဘီ၊ ( ဟောင်ကောင်)၊ အကျယ်အဝန်း ( ၁၅ ပေ x ၅၀ ပေ ) ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရတနာချစ်စုဝင်း [ ၁၂/မဂတ (နိုင်) ၀၈၄၂၂၁ ] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်း အဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်–၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ကန်/တောင်)ရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ Gonyi Residence ရှိ တိုက်(C)၊ ၈–လွှာ၊ အခန်းအမှတ်(၈၀၃)၊ အကျယ်အဝန်း(၂၄၀၀)စတုရန်းပေရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းစိုး[၉/မကန(နိုင်)၁၅၃၀၈၄]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံ သော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်–၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၉၇၅၀၂၁၈၄၁**

## “လုပ်ငန်းအမှတ်တံဆိပ်အမည်နှင့် အမှတ်အသားအားအသိပေးကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဘန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ မေခအိမ်ရာ၊ မေခလမ်းသွယ်(၂)၊ အမှတ်(၂၃/၂၄-D)နေ ဒေါ်သီတာထွေး [၁၂/ဥကတ(နိုင်)၁၃၁၈၁၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**သီတာ** အာမခံစိန်ရွှေရတနာ

အထက်ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ်အမှတ်အသားကို ရန်ကုန်မြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌(၈-၃-၂၀၁၁)ရက်နေ့တွင် မိမိတစ်ဦးတည်း မူပိုင်အဖြစ်သုံးစွဲရန်အတွက် မှတ်ပုံတင်စာချုပ်အမှတ်(၂၀၁၂/၂၀၁၁)ဖြင့် မှတ်ပုံတင်သွင်းကြေညာထားပြီးဖြစ်ပါသည်။ ထိုလုပ်ငန်းတံဆိပ်အမှတ်အသားဖြင့် **သီတာအာမခံစိန်ရွှေရတနာဆိုင်** အမည်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ကောင်းမွန်သောဂုဏ်သတင်းဖြင့် ရွှေဆိုင်များဖွင့်လှစ်၍ စိန်ရွှေရတနာပစ္စည်းများအား လက်လီ၊ လက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တစ်ခုလုံးကိုဖြစ်စေ၊ မည်သူမဆို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား ပြုလုပ်၍ သုံးစွဲခြင်းအား မပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်အမှတ်အသားအား ကျွန်ုပ်မိတ်ဆွေဖွင့်လှစ်ထားသကဲ့သို့ ထင်ယောင်ထင်မှားပြုလုပ်၍ တုပသုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါက ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွား ထိခိုက်ဆုံးရှုံးနစ်နာမှုအဝဝတို့အတွက် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်သီတာထွေး**
**သီတာ အာမခံစိန်ရွှေရတနာဆိုင်**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ကြည်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၂)**
**အမှတ်(၆၀)၊ စရည်းပင်လမ်း၊ (က)ရပ်ကွက်၊**
**သဃ်္ဘန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၁၄၁၊ ၀၉-၄၀၀၁၀၁၄၁၄**

## “အများသိစေရန်”

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်း၊ အမှတ်(၃၆၃)တွင်နေထိုင်သော ကိုဇော်သက်(ခ)မုဟမ္မဒ်အာမင်းသည် မသန်းသန်းအေး(ခ)ရရှီးဒါဘီနှင့်(၃၀-၁၀-၂၀၂၁)ခုနှစ်တွင် နှစ်ဦးသဘောတူနိကာအ်ပြုလုပ်ခဲ့ပြီး စိတ်သဘောထားချင်းမတိုက်ဆိုင်သဖြင့်(၁၆-၅-၂၀၂၃)နေ့တွင် အသိသက်သေများရှေ့မှောက်တွင် သွလားက်(၃)ကြိမ်အား ပေးပါသည်ဟု ပြောခဲ့ပါသည်။ သွလားက်နှင့်ပတ်သက်၍ အစ္စလာမ့်ရှရီအသ်တရားတော်၏ ဆုံးဖြတ်ချက် (ဖသ်ဝါ)၏ ပြန်ကြားချက်အရ ကွာရှင်း(သွလားက်)မြောက်ပါသည်ဟု (၇-၆-၂၀၂၃)ရက်နေ့တွင် အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။ ထို့အတွက်ကြောင့် မသန်းသန်းအေးနှင့် နောက်နောင် လုံးဝပတ်သက်ဆက်နွယ်ခြင်းမရှိတော့ပါသဖြင့် ပေးအပ်ရန်နှင့်ရယူရန်တို့ သက်ဆိုင်မှုမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကိုဇော်သက်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန္ဒာအောင် LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၃၅)**
**အမှတ်(၂၁)၊ မင်္ဂလာလမ်း၊ (ခ)ရပ်ကွက်၊ သဃ်္ဘန်းကျွန်းမြို့နယ်။**
**ဖုန်း-၀၉-၄၄၃၀၅၆၆၂၆**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်စိုး [၁၂/ဥကတ(နိုင်)၀၃၀၀၂၀] ကိုင်ဆောင်သူသည် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဘန်းကျွန်းမြို့နယ်၊ ကြီးပွားရေး(မြောက်)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အိမ်အမှတ်(၂၇၀/က/ခ) (အလျား၅၅ပေxအနံ ၁၂ ½ ပေ x အမြင့် ၁၇ ပေ)ရှိ မြေညီထပ်(တိုက်ခန်းခေါင်းရင်းခန်း) ကို အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်စိုး တစ်ဦးတည်းသာပိုင်ဆိုင်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ဝင်းနွယ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၃၃)**
**ရုံးလိပ်စာ-တိုက်အမှတ်(၁၇၈/ဘီ-၁)၊ (၈)လွှာ၊**
**ဂန္ဓဝင်နန်းတော်ကွန်ဒို၊ အထက်ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၉၇၁၅၅၈၈၊ ၀၉-၄၅၈၇၀၅၆၈၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄-ဒီ)၊ မြေကွက်အမှတ်-V-၉၄၊ အကျယ်အဝန်း(၂၅' x ၄၂')၊ (၁၀၅၀) စတုရန်းပေ၊ ဧရိယာ (၀.၀၂၄) ဧကရှိ နှစ် (၆၀) မြေငှားဂရန်ဟုခေါ်တွင်ပြီး ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၆-လမ်း ၊ အမှတ် (၂၄) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် အပျောက်စနစ်ဖြင့် ရောင်းချထားပြီးဖြစ်သော (၂)ခန်းတွဲ (၂)ထပ်တိုက်အဆောက်အအုံ၏ မြေရှင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး (လူနေအိမ်ခန်းမပါဝင်ပါ။) အား ဒေါ်အေးအေးမြင့် [၁၀/မလမ (နိုင်)၁၅၂၅၇၄]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမိုးကျော်တင် [၁၂/တမန(နိုင်)၁၀၆၀၆၉] ကိုင်ဆောင်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ၊ အထက်မန္တလေးလမ်းသွယ် (၃)၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၈၇၅၀၂၁၈၄၀**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၉၊ မြေကွက်အမှတ်-၁၇၅၊ အလျား ၄၀ ပေ x အနံ ၆၀ပေ အကျယ်ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားပိုင်ခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ရောင်းသူ၏မိခင် ဒေါ်သန်းသန်း (CE-၀၄၉၂၉၃) [၁၂/တမန(နိုင်)၀၁၁၉၆၆]အမည်ပေါက်လျက်ရှိပြီး ၎င်းကွယ်လွန်သဖြင့် သမီးဖြစ်သူ ရောင်းသူ ဒေါ်ရွှေစင်မွန် [၁၂/တမန(နိုင်)၀၇၅၂၀၆]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းသဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ပါမစ်မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့/ရက်မှစ၍ (၇)ရက်ပြည့်မြောက်သည့် နေ့/ရက်နောက်ဆုံးထား၍ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဦးအောင်လှိုင်ဇော် LLB** — **ဒေါ်မိုးပွင့်ဖြူ LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၉၃၆)** — **အထက်တန်းရှေ့နေ (စဉ်-၅၂၉၆၈)**
**အမှတ်(၉၆၉)၊ ထူပါရုံ(၈)လမ်းအနောက်၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၀၁၃၄၅၂၄၊ ၀၉-၄၂၂၂၀၅၆၈၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၁၀၂)၊ ပထမအထပ်၊ ဧရိယာအကျယ်အဝန်း (၁၅x၅၅)ပေရှိ ရေမီးစုံတိုက်ခန်းအား ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးကျင်စိန်[၁၂/ကတတ(နိုင်)၀၂၀၅၇၈]အမည်ဖြင့် မှတ်သားတည်ရှိလျက်ရှိပြီး ၎င်းအမည်ပေါက်ဖြစ်သူထံမှ လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်ဖြူဖြူဝင်း (ဘ)ဦးချောညွန့် [၁၄/ဝခမ(နိုင်)၀၂၂၉၃၀]မှ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးအောင်သူ [၉/ဝတန(နိုင်)၂၃၉၃၃၂]နှင့် ဒေါ်နိုင်နိုင်မော် [၁၂/ဒပန(နိုင်)၀၅၇၁၃၄]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါသောကြောင့် အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်ပြီး ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို စာရွက်စာတမ်းအထောက်အထားစုံလင်စွာဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်သူ+ဒေါ်နိုင်နိုင်မော်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးခိုင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၁၀၅)**
**ဖုန်း-၀၉-၉၆၉၃၈၃၇၆၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမြင့်စိန် [၁၂/ဥကမ(နိုင်)၁၂၅၄၇၆]နှင့် ဒေါ်ရင်မြင့် [၁၂/ဥကမ(နိုင်)၁၂၅၄၆၆] ကိုင်ဆောင်သူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

၎င်းတို့၏သားဖြစ်သူ မောင်သက်နိုင်စိုး [၁၂/ဥကမ(နိုင်)၁၉၉၄၆၅]သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၎င်း၏သဘောအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ မောင်သက်နိုင်စိုးအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို ကျွန်ုပ်၏မိတ်ဆွေများမှ တာဝန်ယူမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်စိန်+ဒေါ်ရင်မြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ချိုချိုမာ**
**တရားလွှတ်တော်ရှေ့နေ(စဉ် -၇၆၄၀)**
**အမှတ် (၇၈၇)၊ သုဇိတာ(၁၀)လမ်း၊ (၂) ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၃၀၆၃၅၈၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆ကစင်)၊ မြေကွက်အမှတ်-၁၃၆၊ ၀.၀၆၂ ဧက၊ မြေကွက်တည်နေရာအမှတ်-၁၃၆၊ ရွှေဥဒေါင်းလမ်း၊ (၁၆ကစင်)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးကျော်သန်း [၆/မအရ(နိုင်)၀၇၉၂၀၁] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်သန်း (ခင်ပွန်း)သည် (၁၂-၂-၂၀၀၁) ရက်နေ့တွင် ကွယ်လွန်သဖြင့် ဒေါ်ချိုချိုဝင်း[၁၀/မရန(နိုင်)၀၈၈၉၁၆]မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ အခြားဇနီးမရှိကြောင်း၊ ခင်ပွန်းဖြစ်သူ ဦးကျော်သန်းသည် အစ္စလာမ်ဘာသာဝင်ဖြစ်သော်လည်း မကွယ်လွန်မီက မည်သည့်သေတမ်းစာမျှ ရေးသားထားခြင်းလည်း မရှိကြောင်း၊ ခင်ပွန်းဖြစ်သူကွယ်လွန်ပြီးနောက် အထက်ပါ အကျိုးခံစားခွင့် အရပ်ရပ်အား ဇနီးဖြစ်သူ ၎င်းနှင့် သားမောင်ရဲဖြိုးကျော်နှင့် သမီးမအိဖြိုးကျော်တို့မှ အစ္စလာမ်ဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ကြသော်လည်း မိခင်ဖြစ်သူ အမည်ဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန်အတွက် သား/သမီး(၂)ဦးတို့မှ သဘောတူပါကြောင်းနှင့် အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်ခံစားခွင့်မရှိသည်မှာ မှန်ကန်ကြောင်း ကတိသစ္စာပြုလွှာ၊ ထပ်ဆင့်ကတိသစ္စာပြုလွှာ (၂)စောင်၊ သားသမီးများဖြစ်ကြသော မောင်ရဲဖြိုးကျော်နှင့် မအိဖြိုးကျော်တို့မှ အထက်ပါမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား မိခင်ဖြစ်သူ ဒေါ်ချိုချိုဝင်းနှင့် ၎င်းတို့မောင်နှမမှ အစ္စလာမ်ဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ကြသော်လည်း မိခင်ဖြစ်သူအမည်ဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်အတွက် ၎င်းတို့မောင်နှမ(၂)ဦးမှ သဘောတူပါကြောင်း ကတိသစ္စာပြုလွှာ၊ အမည်ပေါက် ဦးကျော်သန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်-ပဲခူးလမ်းမကြီး(လမ်းဟောင်း)ပေါ်တွင် ယာဉ်မတော်တဆမှုကြောင့် သေဆုံးကြောင်း၊ လှည်းကူးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနထောက်ခံချက်၊ ဦးကျော်သန်းသေဆုံးသည်မှာ မှန်ကန်ကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဆ)၊ မြေကွက်အမှတ်(၆၀ ½)၊ (၁၂၀၀/စပေ) မြေကွက်တည်နေရာ အမှတ်(၆၀ ½)၊ ခေမာသီ(၂)လမ်း၊ (ဆ)ရပ်ကွက်၊ ဦးမောင်ပို[၁၂/ဥကမ (နိုင်)၀၂၃၅၇၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးမောင်ပိုကိုယ်တိုင်မှ (၂၀၀၅) ခုနှစ်တွင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် လျှောက်ထားထုတ်ယူခဲ့သော မြေပုံမြေရာဇဝင်မူရင်းမှာ အရောင်းအဝယ် အထမမြောက်ခဲ့သဖြင့် အသုံးပြုခဲ့ရခြင်း လုံးဝမရှိဘဲ မိမိလက်ဝယ်၌ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ နှစ်(၆၀)ဂရန်မှာလည်း မိမိလက်ဝယ်ရှိပါကြောင်း၊ အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်း၊ အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိမှ တာဝန်ယူ ဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာ အမှတ်-၁၅၈/၂၀၂၅/၃-၁-၂၀၂၅၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ မြေတိုင်းလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ဖြူဟ္မစိုရ်လမ်း၊ အမှတ်(၁၀၄၈/ က+ခ)ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် ၂ခန်းတွဲ (၈ ½)ထပ်တိုက်အဆောက်အဦ၏ (၇)လွှာ၊ အခန်းအမှတ်(၇၀၁)၊ အကျယ်အဝန်း(၁၉ ပေx ၅၄ ပေ)ရှိ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းအတွင်း တွယ်ကပ်တပ်ဆင်ထားသော တပ်ဆင်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား **ဒေါ်ညွှန့်ညွှန့်ဝေ**[၁၄/ပသန(နိုင်)၀၅၆၅၀၂]မှ မိမိဝယ်ယူပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မွန်မွန်ချို (LL.B)** — **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** — **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ် (၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀-၆၈၅-၇၁၇၊ ၀၉-၇၉၇-၆၄၀-၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄ ဒီ၊ မြေကွက်အမှတ်-၆၇၊ ဧရိယာ ၀.၀၂၄-ဧက၊ မြေကွက်တည်နေရာအမှတ်(၁၈)၊ ၁၃၅-လမ်း၊ Mohame Ismail (-) အမည်ပေါက် နှစ်(၉၀)မြေငှားဂရန်မြေအား နိုင်ငံခြားသားအမည်ပေါက် မြေကွက်ဖြစ်၍ ၎င်းမြေကွက်၏ အဆောက်အဦတွင်နေထိုင်သူများ၏ အကျိုးငှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက်ရေးအတွက် ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်ပေးပါရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနမှ တင်ပြခဲ့သောကြောင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေဆိုင်ရာ စိစစ်ရေးအဖွဲ့မှ ၁၁-၃-၂၀၁၁ ရက်စွဲပါစာအမှတ်-၂၀၀/၂-၂၉၁/ရေး-၃ ဖြင့် စုံစမ်းစစ်ဆေးတင်ပြရန် ရန်ကုန်အရှေ့ပိုင်းခရိုင်စုံစမ်းစစ်ဆေးရေးအဖွဲ့သို့ တာဝန်ပေးအပ်ခဲ့ရာ သဃ်္ဘန်းကျွန်းခရိုင် စုံစမ်းစစ်ဆေးရေးအဖွဲ့မှ ဆက်လက်စုံစမ်းစစ်ဆေးခဲ့ပြီး ၁၈-၁၂-၂၀၂၄ ကျင်းပပြုလုပ်သည့် ခရိုင်စုံစမ်းစစ်ဆေးရေးအဖွဲ့စုံညီအစည်းအဝေးတွင် တင်ပြဆွေးနွေးဆုံးဖြတ်ချက်အရ ခရိုင်စုံစမ်းစစ်ဆေးရေးအဖွဲ့မှ အချင်းဖြစ်မြေအဆောက်အဦအား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရေး ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ကန့်ကွက်ရန်ရှိ/မရှိ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ဘုရင့်နောင်ဈေး၏ အောက်ဖော်ပြပါဆိုင်ခန်း(၂)ခန်းမှ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်ပျောက်ဆုံးသွားပါ၍ မိတ္တူမှန်ထုတ်ယူခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက (၄-၂-၂၀၂၅)ရက်နေ့မှ(၁၇-၂-၂၀၂၄)ရက်နေ့အထိ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည် –

| စဉ် | ရုံ အမှတ် | ဆိုင် အမှတ် | ဆိုင်အငှားချထားခြင်းခံရသူအမည် | မှတ်ပုံတင် အမှတ် | ဆိုင်စာ အုပ်အမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ခ-၂၀ | ၉ | ဦးအောင်မင်းသိန်း | ၁၂/မဂတ(နိုင်) ၀၉၆၈၀၃ | N-10145 | ခရီးသွားရင်း ပျောက်ဆုံး |
| ၂ | ကြီး-၅ | ၉၂ | ဦးဝင်းနိုင် | ၁၂/တမန(နိုင်) ၀၉၈၄၄၀ | N-09952 | ခါးပိုက်နှိုက် ခံရပါသဖြင့် |

ဈေးတာဝန်ခံ၊ဘုရင့်နောင်ဈေး၊ ဖုန်း-၀၉-၇၉၉၂၉၉၉၅၄
ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်)ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ယခု) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ ထိပ်တင်မှတ်လမ်း၊ မြေကွက်အမှတ် (၂၂၁)၊ မြေအကျယ်အဝန်း (အလျားxအနံ) (၄၂ပေx၆၀ပေ)ရှိ (ယခင်) ဖခင် ဦးမောင်မောင်အေး၊ (ယခု) သားများဖြစ်ကြသော ဦးမောင်မောင်ဇင်နှင့် ဦးကျော်သူရမောင်မောင်တို့ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်တစ်လုံး၊ ရေ၊ မီးအစုံအလင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးမောင်မောင်ဇင်နှင့် ဦးကျော်သူရမောင်မောင်တို့သည် ဖခင်အမည်ပေါက်မြေကွက်အား (၃၀-၁၁-၂၀၂၃) ရက်စွဲပါ “နှစ်ဦးသဘောတူ အိမ်နှင့်မြေ အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်” ဖြင့် ဦးသန့်ဇော်ဝင်းနှင့် ဒေါ်ကြည်ဖြူထင်ကျော်တို့အား ရောင်းချခဲ့ပြီး ဦးသန့်ဇော်ဝင်းနှင့် ဒေါ်ကြည်ဖြူထင်ကျော်တို့မှ ဦးချမ်းပိုင်အားလည်းကောင်း၊ ဦးချမ်းပိုင်မှ ဦးရန်နိုင်ဝင်းနှင့် ဒေါ်လှမျိုးဖုံတို့အားလည်းကောင်း အဆင့်ဆင့်ရောင်းချခဲ့ပြီးဖြစ်ပါသည်။ ယခုအခါတွင် နောက်ဆုံး ဝယ်ယူသူ ဒေါ်လှမျိုးဖုံတို့မှ အမည်ပေါက်ပိုင်ဆိုင်ရေးအတွက် အကူအညီတောင်းခံလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများ ဖြစ်ကြသော ဦးမောင်မောင်ဇင်နှင့် ဦးကျော်သူရမောင်မောင်တို့မှ မေတ္တာရှေ့ထား၍ လိုက်ပါဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်ပေးခြင်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့်ကိစ္စအဝဝတို့သည်လည်းကောင်း၊ ရုံးကုန်ကျစရိတ်အဝဝတို့သည်လည်းကောင်း ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးမောင်မောင်ဇင်နှင့် ဦးကျော်သူရမောင်မောင်တို့နှင့် လုံးဝ(လုံးဝ) သက်ဆိုင်မှုမရှိကြောင်းနှင့် နောက်ဆုံးဝယ်ယူသူ ဒေါ်လှမျိုးဖုံသာ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်အေးသန္တာမြင့်** — **ဒေါ်ခင်နီလာဦး**
**LL.B,W.I.P.O (Switzerland)** — **LL.B, D.B.L, B.D.S (MOFA)(Dip in English), W.I.P.O (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၀၃၇)** — **အထက်တန်းရှေ့နေ (စဉ်-၃၉၁၁၃)**
**အမှတ်၁၁၀၆/ခ၊ အဏ္ဏဝါလမ်းနှင့် ကန်သာယာ(၂)လမ်းထောင့်၊ (၃၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၅၆၅၀၈၉၆၅၅၊ ၀၉-၂၅၉၆၆၄၂၅၅**

# (၂) ခန်းတွဲ (၃) ထပ်ခွဲတိုက် အမြန်ရောင်းမည်

ပေ ၄၀ x ပေ ၆၀ မြေပေါ်မှာ အာစီစီ (၂) ခန်းတွဲ (၃) ထပ်ခွဲတိုက် ပိုင်ရိုက်၊ ထုထည် (၉) လက်မ အုတ်ရိုးဖြင့် တည်ဆောက်ထားပြီး ရေ၊ မီးအစုံ လူနေရန်အဆင်သင့်၊ ဘီစီစီကျပြီး၊ အမည်ပေါက်ပါ ဆောင်ရွက်ပေးမည်။ လူလည်းနေ၊ ဆိုင်ခန်း၊ ပွဲရုံဖွင့်လို့ရသည့် တိုက်သစ် (၅) လုံးကို ပထမအရစ် ၅၀% ပေးချေပြီး ကျန် ၅၀% ကို (၈) လ အရစ်ကျစနစ်ဖြင့် ရောင်းချပေးပါမည်။ ဘဏ်နှင့်ချိတ်ဆက်၍လည်း ဝယ်ယူနိုင်ပါသည်။

တညင်းကုန်း ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်လက်ကားဈေးသစ်ကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**(အလွန်အံ့ဩဖွယ်ကောင်းသော ဈေးနှုန်းဖြင့် တိုက်သစ် (၅) လုံးမျှကိုသာ ရောင်းချပေးပါမည်။ ဦးရာလူရစေရမည်။)**

**ဆက်သွယ်စုံစမ်းရန် - ဖုန်း-၀၉-၅၀၀၀၆၇၃၊ ၀၉-၅၁၅၉၁၃၄၊ ၀၉-၄၂၈၆၂၄၃၆၃**


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ မာဃလမ်း၊ တိုက်(၆)၊ အခန်း(၂)နေ ဦးဝင်းအောင် [၁၂/လမန(နိုင်)၀၈၆၀၇၇]-ဒေါ်စန္ဒာဝင်းတို့၏ သားဖြစ်သူ မောင်မင်းသက်ခိုင် [၁၂/လမန(နိုင်)၀၇၀၉၇၄]သည် ဖခင်ဖြစ်သူ၏ပြောဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများကြောင့် ရာသက်ပန် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်မင်းသက်ခိုင်နှင့် ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့် ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်တော့ကြောင်း မောင်မင်းသက်ခိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းအောင်**
**[၁၂/လမန(နိုင်)၀၈၆၀၇၇]**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၆)ရပ်ကွက်၊ မင်းတပ်(၂)လမ်း၊ အိမ်အမှတ်(၄၃၉/က)နေ ဒေါ်သဇင်သိန်းဝင်း၏ သား မောင်ဘုန်းပြည့်စုံဦး [၁၂/လသယ(နိုင်)၀၇၈၁၉၆]သည် မိဘ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ရာသက်ပန် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်ဘုန်းပြည့်စုံဦးနှင့်ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေး အရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့် ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း မောင်ဘုန်းပြည့်စုံဦးနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်သဇင်သိန်းဝင်း**
**[၁၂/ကမရ(နိုင်)၀၄၅၂၅၇]**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်**

**တရားမပုံစံအမှတ်-၃၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)**

**ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်၌**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃**

| | | |
|---|---|---|
| ၁။ ဒေါ်ခင်သန်းဦး | နှင့် | ၁။ ဒေါ်ကြူကြူ |
| ၂။ ဒေါ်ခင်နုနုထွန်း | | ၂။ ဦးအောင်ဝင်းနိုင် |
| (ကိုယ်တိုင်နှင့်(၁)တရားလို၏ အခွင့်ရကိုယ်စားလှယ်) | | (၎င်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်သီတာ) |
| **(တရားလိုများ)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယလမ်း၊ အမှတ်(၄၂၃)နေ (၂)တရားပြိုင် . ဦးအောင်ဝင်းနိုင်(၎င်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်သီတာ) (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၅ ရက်နေ့) မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေး(၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသီလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## မိသားစုအမွေဆိုင်တိုက်ခန်းအား အပြီးအပိုင်ရောင်းချ၍ အမွေဝေစုငွေအား အမွေဆိုင်များသို့ ခွဲဝေပေးအပ်ပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊တာမွေမြို့နယ်၊တာမွေလေးရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ တိုက်အမှတ် (၂၄)၊ အခန်းအမှတ် (၁၀၁)၊ ပထမထပ်၊ အကျယ်အဝန်း (၁၉' x ၅၀') ပေရှိ ရေ၊ မီးအစုံအလင်ပါဝင်သော တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ အမွေဆိုင်မောင်နှမများဖြစ်သော (၁) ဒေါ်ရီရီမိုး [၁၂/တမန (နိုင်) ၀၀၂၅၀၅] (၂) ဦးရန်နိုင်စိုး [၁၂/တမန (နိုင်) ၀၂၀၅၈၃] တို့ထံမှ ကျန်အမွေဆိုင်တစ်ဦးဖြစ်သူ ဦးစိုးမိုးအောင် [၁၂/တမန (နိုင်) ၀၀၂၅၀၄] နှင့် ဇနီး ဒေါ်နှင်းဝင့်ဝင့်စိုး [၇/ပခန (နိုင်) ၂၆၄၉၄၈] တို့က အရောင်းတန်ဖိုးငွေအပြေအကျေပေးချေ၍ အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ကြောင်းနှင့် အဆိုပါ တိုက်ခန်းရောင်းချရငွေအား အမွေဆိုင်မောင်နှမများဖြစ်သော (၁) ဦးစိုးမိုးအောင် (၂) ဒေါ်ရီရီမိုး (၃) ဦးရန်နိုင်စိုးတို့ (၃)ဦးမှ အညီအမျှခွဲဝေရယူပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်မျိုးအောင် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၈၂)**
**အမှတ် (၁၁)၊ ဦးဘကျော်လမ်း၊ တာမွေလေးရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၁၉၂၈၆၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၉) ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ် (၅/ခ) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၀ပေx၄၀ပေ) ရှိမြေကွက်နှင့် ယင်းမြေပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၂၂-၇-၂၀၂၄)နေ့စွဲပါ စာချုပ်အရ တရားဝင်ပိုင်ဆိုင်ကြောင်း၊ မိမိတို့၏လွတ်လပ်သော သဘောဆန္ဒ အလျောက် စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ပိုင်ဆိုင်မှု အရှုပ်အရှင်းပြဿနာကင်းရှင်းပါကြောင်း မွက်ဟဝန်ခံ ကတိပြုလျက် အဆိုပါ အိမ်ခြံမြေအား လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာသူ (၁) ဒေါ်အေးအေးသန်း [၁၂/ရကန(နိုင်)၀၈၃၆၄၄] နှင့် (၂) ဦးဇေယျာအောင်[၁၂/ရကန (နိုင်)၀၇၀၆၆၁] မောင်နှမ(၂)ဦးထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန် စရန်ငွေ များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက အိမ်ခြံမြေနှင့်သက်ဆိုင်သော တရားဝင်အထောက်အထား မူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ယု**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၁၈/၂၀၁၇)**
**အမှတ်-၁၄၊ ထင်းရှူးမြိုင်လမ်း၊ (၉)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၄၂၀၀၃၉၀၂၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကုန်းမြင့်ရိပ်သာလမ်း၊ အမှတ်-၃၆A တွင်နေထိုင်သည့် ဦးကောင်းထက်ကျော်[၁၂/ကမတ(နိုင်)၀၆၇၈၁၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးကောင်းထက်ကျော်[၁၂/မကတ(နိုင်)၀၆၇၈၁၃] ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဂေါ့ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၈၃၃ + ၈၃၄အေ + ၈၃၇အေ)၊ ကွင်းအမည် (အင်းပြင်မြောက် + အိုးမြေတွင်း + သက်သာမြောက်)၊ ဦးပိုင်အမှတ်(၆ / ၆ + ၇က + ၁၁ + ၂၆ + N + ၁ + ၂ + ၃ + ၄ + ၁၀ + ၁၂ + N-၂)၊ ဧရိယာ(၉၄.၆၅ + ၄၄.၄၂ + ၅၁.၄၆)ဧက စုစုပေါင်း (၁၉၀ .၅၃)ဧက အကျယ်အဝန်းရှိ ငါးမွေးကန် လန(၃၉) မြေပိုင်ဆိုင်မှု၏ စာရွက်စာတမ်း အထောက်အထားများသည် (၅-၁၀-၂၀၂၄)ရက်နေ့တွင် နေအိမ်၌ နေရာအထားမှား၍ ပျောက်ဆုံးသွားခဲ့ပါသည်။ ယနေ့ထိတိုင် ပြန်လည်ရှာဖွေတွေ့ရှိခဲ့ခြင်းမရှိပါ။

အထက်ပါ ပျောက်ဆုံးနေသော မြေပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများပြန်လည်ရရှိရန် ဥပဒေနှင့်အညီ ဌာနဆိုင်ရာရုံးများတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် အဆိုပါ ပျောက်ဆုံးနေသော မြေပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ဦးကောင်းထက်ကျော်ခွင့်ပြုချက် မပါရှိဘဲ၊ မသိရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံထားရှိခြင်း၊ လွှဲပြောင်းခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းများ ပြုလုပ်ခွင့် မရှိပါကြောင်းနှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကောင်းထက်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာထွန်း(LLB) (စဉ်-၄၉၂၈၄)** **ဒေါ်အိအိဝေ(LL.B)(စဉ်-၅၃၅၉၉)**
**(အထက်တန်းရှေ့နေများ)**
**အမှတ်( ၃၃၃ )၊ နဝရတ်ရေစင်( ၁ )လမ်း၊ ပြည်တော်သာစက်မှုရပ်ကွက်၊**
**လှည်းကူးမြို့နယ်။ Ph:09-955961935, 09-261446441**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ ရွှေကျီးလမ်း၊ အမှတ်(၄၆၃)ဟု ခေါ်တွင်သော အကျယ်အဝန်း အလျား(၅၈)ပေxအနံ(၂၀)ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသောနှစ်ထပ်နေအိမ်အပါအဝင် ရေ၊ မီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ခင်အေးရီ[၁၂/အစန(နိုင်)၀၂၇၇၈၀] ကိုင်ဆောင်သူမှ အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ပိုင်ဆိုင်ဝယ်ယူကာ မိမိသာလျှင် တရားဝင် လက်ရောက် ရယူပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မေမြတ်ကြူ [၁၄/အဂပ(နိုင်)၂၀၆၂၆၆]ထံသို့ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့် အိမ်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်း အထောက်အထား စုံလင်စွာဖြင့် ယခုကြော်ငြာပါ သည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါနေ့ရက် ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သန္တာဦး (LL.B, D.B.L)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၁၃)**
**ဒေါ်နှင်းနွယ်စိုး (LL.B)** — **အထက်တန်းရှေ့နေ (စဉ်-၅၆၆၇၆)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၂၃၆၈၀၃၇၊ ၀၉-၇၉၅၇၁၀၅၇၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၊ မြေကွက်အမှတ်(၂၁/ပ(၆-အေ)၊ မြေအကျယ် (၀.၁၂၅)ဧက၊ မြေပိုင်မြေ အမျိုးအစား(အိမ်ရာမြေ)နှင့် ယင်းမြေပေါ်ရှိ အိမ်ကို ဒေါ်မေသန်းဝင်း (AB-006859)မှ အမည်ပေါက် ပိုင်ဆိုင်ခဲ့ပြီး ဒေါ်မေသန်းဝင်းသည် (၃၀-၇-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်ပြီးဖြစ်ပါသဖြင့် ၎င်း၏ အမွေဆက်ခံပိုင်ဆိုင်သူများထံမှ ကျွန်ုပ်၏ အမှုသည်က ဝယ်ယူမည်ဖြစ်ပါသဖြင့် အကျိုးသက်ဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား အပြည့်အစုံဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ လာရောက်ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်ရီရီတင် (စဉ်-၁၉၉၅)** — **တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်**
**ဒေါ်မျိုးကြာဖြူ** — **အထက်တန်းရှေ့နေ (စဉ်- ၅၆၁၉၁)**
**ရုံး - အမှတ် (၈၉)၊ (၃၈)လမ်း၊မြေညီထပ်၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း - ၀၉-၅၀၁၈၃၄၅။**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၃၃၂)၊ မြေကွက်တည်နေရာအမှတ်(၃၃၂)၊ ငွေပုလဲလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးစံသိုက်[၁၂/လမတ(နိုင်)၀၀၄၅၆၀] အမည်ပေါက်နှစ်(၆၀) မြေငှားစာချုပ် (ဂရန်)မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် (၁၃၈/၂၀၂၄)ဖြင့် ဒေါ်ဆွေဆွေဟန်မှ (တရားလို)ပြု၍ ဦးစံသိုက်အပေါ်(တရားပြိုင်)ထားကာ "ပဋိညာဉ်အတိုင်း မြေကွက်နှင့်နေအိမ်အပြီးအပိုင်ရောင်းအဝယ်ကတိစာချုပ်ကို မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" ဖြင့်စွဲဆိုခဲ့ရာ တရားလိုတောင်းဆိုသည့်အတိုင်း စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့်(၁၀-၁၀-၂၀၂၄)ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ်(၁၀၅/၂၀၂၄) ၏ (၄-၁၁-၂၀၂၄)ရက်စွဲပါ အမိန့်နှင့်နေ့စဉ်မှတ်တမ်း၊ တရားရုံးကိုယ်စား မြေပုံမြေရာဇဝင်ကူးယူရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း (၄-၁၁-၂၀၂၄) ရက်စွဲပါ အကြောင်းကြားစာ၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ဘီလစ်စာရေးကြီး ဒေါ်လဲ့လဲ့ခိုင် မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်-၁၂၅၃၊ မြေကွက်တည်နေရာအမှတ်(၁၂၅၃)၊ မင်္ဂလာသုခ(၃)လမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်(ဦးသိန်းမောင်) (CE.၁၁၂၃၇၁) အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးသိန်းမောင်(CE . ၁၁၂၃၇၁) (ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်အေး [၁၂/သဃက(နိုင်)၀၆၃၇၄၈]မှ ၎င်းသည်သာ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောဇနီး/မယား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ၎င်းတစ်ဦးတည်းသာတရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ (ခင်ပွန်း) ဦးသိန်းမောင်၏သေဆုံးမှုလက်မှတ်၊ ဂရန်၊ နိုင်/ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် (၁)ထပ်သွပ်မိုး အုတ်ညှပ်(၁)လုံးရှိပြီး လျှောက်ထားသူ ကိုယ်တိုင်နေထိုင်ခြင်းမရှိဘဲ အိမ်ငှားထားရှိပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးသည်ကိုသိရှိကြောင်း ကွင်းဆင်းပုံစံပေါ်တွင် လက်မှတ်ရေးထိုးပါသဖြင့် ဒေါ်ခင်အေးမှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ (၃၁)လမ်း၊ အမှတ်-၂၀၄၊ မြေညီထပ် (တိုက်ကိုမျက်နှာမူလျှင် ဝဲဘက်ခန်း) ဟုခေါ်တွင်သော အကျယ် ၁၅' x ၅၀' ရှိ တိုက်ခန်းနှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းကို ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဦးခင်မောင်လတ် [၁၂/ပဘတ(နိုင်)၀၁၇၆၀၅]ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည် အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာပါသည်။

**ညွှန်ကြားချက်အရ -**

| ဦးလှရွှေ | ဒေါ်မြသက်ဝင်း | ဦးကျော်ဇင်လတ် |
|---|---|---|
| စဉ်-၈၉၁၂(၂၁-၃-၂၀၁၃) | စဉ်-၁၈၉၉၄ (၂၂-၁၂-၂၀၂၃) | စဉ်-၁၉၃၇၁(၂၇-၁၁-၂၀၂၄) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၂၂၊ ပထမထပ်၊ အနော်ရထာလမ်း(ပန်းဆိုးတန်းလမ်းထောင့်)၊**
**(၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၁၆၀၂၁၉၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၇)လမ်းပေါ်တွင်ဆောက်လုပ်ထားသည့် အမှတ်(၃၇)ဟုခေါ်တွင်သော (၃ ၁/၂)ထပ်တိုက် အဆောက်အဦ၏ အကျယ်အဝန်း(၁၂ ၁/၂ ပေx၅၀ပေ)ရှိ ဒါဘာ(ခေါင်းရင်းခန်း) တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေပိုင်ရှင်ဖြစ်သူ ဦးမြင့်ခိုင်[၁၂/လမန(နိုင်)၀၁၃၇၁၆]ထံမှ တိုက်ရိုက်ဝယ်ယူ၍ လက်ဝယ်ထားရှိ ပိုင်ဆိုင်ထားသည်ဟုဆိုလာသူ **ဦးကျော်စွာလင်း[၇/ထတပ(နိုင်)၀၈၂၆၄၁]** က ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်ဇင်မာထွန်း [၁၂/လမန(နိုင်)၁၃၁၂၉၃]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်း မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်မင်းသူနှိုးဖြိုး(စဥ်–၁၂၈၄၆)** | **ဒေါ်စုစုမွန်(စဥ်–၁၃၄၉၆)** |
| **[တရားလွှတ်တော်ရှေ့နေ]** | **[တရားလွှတ်တော်ရှေ့နေ]** |
| **[LL.B,D.I.P.L,** | **[LL.B,D.B.L,D.I.L,D.I.P.L,** |
| **DL–101 WIPO(Switzerland)]** | **DL–101 WIPO(Switzerland)]** |

**ဖုန်း – ၀၉–၇၉၉၆၆၄၅၅၇၊ ၀၉–၇၈၁၅၃၅၈၂၄၊ ၀၉–၅၀၄၉၁၇၄**
**အမှတ် – ၃၀၂(၁၂+၁)၊ Parami Condominium၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ငြင်းချက်ထုတ်ဆင့်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## စမ်းချောင်းမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၃

| | | |
|---|---|---|
| မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (၎င်း၏မန်နေဂျာ ဦးခိုင်ဇော်လင်း) | နှင့် | ဒေါ်နန်းစုနန္ဒီဦး |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့ နယ်၊ ဝေဠုဝန်အိမ်ရာ၊ အမှတ်(၃၇)၊ အခန်း(၁၁)နေ တရားပြိုင်ဖြစ်သည့် **ဒေါ်နန်းစုနန္ဒီဦး** (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"အကြွေးဝယ်ကတ် (Credit Card) ချေးငွေရလိုမှု"** လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၀)ရက်(၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၈ ရက်) ကြာသပတေးနေ့ မွန်းမတည့်မီ (၁၁)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်ပါသည်။

**(သီဟန်ထက်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**စမ်းချောင်းမြို့နယ် တရားရုံး**

## ငြင်းချက်ထုတ်ဆင့်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## စမ်းချောင်းမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၂၄

| | | |
|---|---|---|
| မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (၎င်း၏မန်နေဂျာ ဦးခိုင်ဇော်လင်း) | နှင့် | ဒေါ်ခင်မျိုးဝင်း |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အရှေ့ပိုင်းတက္ကသိုလ် ဝန်ထမ်းအိမ်ရာ၊ အခန်း(၆)၊ လိုင်း(E)နေ. တရားပြိုင်ဖြစ်သည့် **ဒေါ်ခင်မျိုးဝင်း** (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"အကြွေးဝယ်ကတ် (Credit Card) ချေးငွေရလိုမှု"** လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၈ ရက်) ကြာသပတေးနေ့ မွန်းမတည့်မီ (၁၁)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်ပါသည်။

**(သီဟန်ထက်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**စမ်းချောင်းမြို့နယ် တရားရုံး**

## လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊
## ရန်ကုန်တိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ (ရန်ကုန်တိုင်း)မှ ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားတည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများကို လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းနိုင်ပါကြောင်းကြေညာအပ်ပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာရောင်းချမည့်နေ့ရက်/အချိန် | – (၇–၂–၂၀၂၅)(သောကြာ) ရက်နေ့မှ (၁၇–၂–၂၀၂၅)(တနင်္လာ)ရက်နေ့အထိ (ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ | – ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ အထက်မင်းကြီးလမ်း၊ အင်းစိန်မြို့နယ် |
| တင်ဒါဖွင့်ပွဲကျင်းပမည့်နေ့ရက်/အချိန် | – (၂၀–၂–၂၀၂၅)(ကြာသပတေး)ရက်နေ့ နံနက် (၁၀:၀၀) နာရီ |
| တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | – ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ အထက်မင်းကြီးလမ်း၊ အင်းစိန်မြို့နယ် |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်–

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးအဖွဲ့**
**Ph–09428126992**

## ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နယ်၊ သန္ဓေပင်အုပ်စု၊ ကွင်းအမှတ်(၅၂၀)၊ ကွင်းအမှတ်–ကြက်ဖြူကန်အရှေ့၊ ကြက်ဖြူကန်ရပ်ကွက်၊ ဖွံ့ဖြိုးရေးလမ်း၊ အမှတ်(၃၇/ခ) (စ–၂) မြေအမျိုးအစား (အလျား ၁၀၂' x အနံ ၈၀') ရှိ အိမ်နှင့် မြေအရောင်းအဝယ်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ **ဒေါ်ဝင်းဝင်း [၁၂/တမန(နိုင်)၀၇၈၄၅၂]** မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်သန်းသန်းဇော်[၁၂/ကမတ(နိုင်)၀၁၉၉၈၁]**က အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသ (စရန်ငွေ)ကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား (မူရင်း)များနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်အောင်မြင်ရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အေးသိမ့်သိမ့် (LL.B, D.M.L)**
**အထက်တန်းရှေ့နေ (စဥ်–၂၅၀၇၁)**
**အမှတ်(၂၄)၊ (၄–ဘီ)၊ နိဗ္ဗာန်လမ်း၊ သာမေအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph:09–765188412**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သော်ကလမ်း၊ မြေကွက်အမှတ်(၉၆၄/A)ပေါ်တွင် ဆောက်လုပ်ထားသော (၈)ထပ် ကွန်ဒိုတိုက်မှ (၅)ထပ် (A)ဘက်အခြမ်းဟုခေါ်တွင်သော အကျယ်အဝန်း(၁၇ ပေ x ၅၄ ပေ)၊ ရေမီးစုံပါဝင်သော ကွန်ဒိုတိုက်ခန်း(၁)ခန်း၏ အကျိုးခံစားခွင့် အရပ်အရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသော ဦးနေလင်းကျော်[၁၂/မရက(နိုင်)၀၇၃၁၆၃] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သူသူဝင်း[၇/သဝတ(နိုင်)၀၆၂၁၄၉]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သူသူဝင်း၏ လွှဲအပ်ချက်အရ**

| | |
|---|---|
| **ဒေါ်အေးမြသီတာ LL.B** | **ဒေါ်အေးသန္တာမင်းအောင် LL.B, D.B.L** |
| **(စဥ်–၁၁၉၀၁)** | **(စဥ်–၁၁၉၀၄)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၆၈)၊ စံပြ (၄)လမ်း၊ စံပြရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09–421140329၊ 09–421072494**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၆)ရပ်ကွက်၊ ရောဝဏ်လမ်း၊ အင်းဝအိမ်ရာရှိ တိုက်အမှတ်–၁၂၊ အခန်းအမှတ်–၃၀၂ (တတိယထပ်/၄–လွှာ)၊ ဧရိယာ (၁၁၇၅) စတုရန်းပေကျယ်ဝန်းသော ဦးကိုးရယ် [၂/လကန(နိုင်)၀၂၉၀၈၁]အမည်ပေါက်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်သက်သက်ထွန်း [၁၂/သဃက(နိုင်)၀၄၃၉၃၈]က ဝယ်ယူရန်အတွက် (၁–၂–၂၀၂၅) ရက်နေ့တွင် စရန်ငွေပေးချေထားပါသည်။

